ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ တနင်္လာနေ့ (14-2-2011) (ဖြ၈၇၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုလဲမြို့နယ် သင်ဂဒုံးအစမ်းတွင်း အမှတ်(၁)မှ သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် SIPC Myanmar Petroleum Co., Ltd.၏ ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် Block-D (မဟူတောင်ဒေသ)၌ ရှာဖွေတွေ့ရှိပြီးဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် မြေအောက်ဘူမိဗေဒအနေအထားများတွင် ရှာဖွေရေးလုပ်ငန်းများ စဉ်ဆက်မပြတ် တူးဖော်ဆောင်ရွက်စေလျက်ရှိရာ ယခုအခါ အစမ်းတွင်း ခြောက်တွင်းကို တူးဖော်စမ်းသပ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ တူးဖော်ပြီးတွင်းများအနက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ကျောကျေးရွာ၏ အရှေ့ဘက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ သင်ဂဒုံးအစမ်းတွင်း အမှတ်(၁)မှ တူးဖော်ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော မြေအောက်ရေရရှိရေးလုပ်ငန်းတွင် အသုံးပြုသည့် RG တွင်းတူးစက်အသစ်များကို တွေ့ရစဉ်။

စိုက်ပျိုး ဖြစ်ထွန်း

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တူးဖော်ခဲ့သော ပျော်ဘွယ်မြို့နယ် တွင်းရွာကျေးရွာ သဘာဝရေလျှံတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို အသုံးပြု၍ ၂၀၁၀ ခုနှစ် မိုးစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

မြေအောက်ရေကို အကျိုးရှိစွာဖော်ထုတ်အသုံးချရေး RG တွင်းတူးစက်သစ်ကြီးများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအနက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသော ရေရရှိရေးနည်းလမ်း ခြောက်သွယ်အနက် မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းနှင့် မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းဟူသည့် နည်းလမ်းနှစ်သွယ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းကြောင့် မိုးရေလုံလောက်စွာမရရှိခြင်းနှင့် မူမမှန်သော မိုးရွာသွန်းမှုများဖြစ်ပေါ်ပါက စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း စသည့်အခြေအနေများ ကြုံတွေ့ရသည့်အခါ မြေအောက်ရေကို အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရန်ရည်ရွယ်၍ မြေအောက်ရေဖော်ထုတ်အသုံးပြုရေးစီမံကိန်းဇုန်များကို နိုင်ငံတစ်ဝန်း၌ သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် မြေအောက်ရေဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန်များအဖြစ် နွားထိုးကြီးဇုန်၊ မိတ္ထီလာ-သာစည်ဇုန်၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်၊ နေပြည်တော်ဇုန်နှင့် ဟင်္သာတဇုန်ဟူ၍ သတ်မှတ်ထားရှိသည်။ အဆိုပါစီမံကိန်းဇုန်များအနက် နေပြည်တော်ဇုန်အတွင်း၌ ၂၀၀၃ ခုနှစ်မှစတင်၍ မြေအောက်ရေ ဖော်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့အထိ သောက်သုံးရေတွင်းပေါင်း ၁၀၄ တွင်း တူးဖော်အောင်မြင်ခဲ့ပြီး ဒေသခံပြည်သူ ၆၂၄၀၀၀ အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတွင်ပါဝင်ပြီး မြေအောက်ရေရရှိရန် အခြေအနေကောင်းမွန်သော ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင် လေးလက်မ စိုက်ပျိုးရေစက်ရေတွင်း ၁၀၀ တူးဖော်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီအထိ စက်ရေတွင်းပေါင်း ၈၀ တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ တူးဖော်အောင်မြင်ပြီး စက်ရေတွင်း ၈၀ အနက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

၁၄-၂-၂၀၁၁
(တနင်္လာနေ့)

ခဲဆိပ်သင့်အန္တရာယ် ကြပ်မတ်ဆောင်ရွက်ကာကွယ်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စက်မှုလုပ်ငန်းများ၌ ဓာတုကုန်ကြမ်းပစ္စည်းများကို အသုံးပြုလျက်ရှိသည်။ စီးပွားရေး၊ စိုက်ပျိုးရေး၊ လူမှုရေးနှင့် နေ့စဉ်စားဝတ်နေရေးလုပ်ငန်းများတွင် ဓာတုပစ္စည်းများကို မရှိမဖြစ် သုံးစွဲနေကြသည်။ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ထိရောက်သည့်အကျိုးသက်ရောက်မှုများ ရရှိနေသည်။

သို့ရာတွင် ဓာတုပစ္စည်းများကို မဆင်မခြင်သုံးစွဲခြင်း၊ စနစ်တကျ အသုံးပြုမှုမရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်။ ပြည်သူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်ဖြစ်ရာ စနစ်တကျ စီမံခန့်ခွဲ လုပ်ဆောင်ကြရန် လိုအပ်လာပြီဖြစ်သည်။ ဓာတုပစ္စည်းများအနက် ခဲသတ္တုသည် လူသားများအတွက် အသုံးဝင်သကဲ့သို့ အန္တရာယ်လည်း ဖြစ်စေနိုင်သဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

ခဲဆိပ်သင့်မှုအန္တရာယ်ကို ဘက်ထရီအသစ်ထုတ်လုပ်သည့် စက်ရုံများအပါအဝင် ဘက်ထရီအိုးများ ပြုပြင်ထုတ်လုပ်ခြင်း၊ ခဲသတ္တုတူးဖော်ခြင်း၊ သန့်စင်ကျိုချက်ခြင်း၊ ကြေးနှင့် ကြေးနီကျိုချက်ထုတ်လုပ်ခြင်း၊ စဉ့်အိုးလုပ်ငန်းများတွင် ခဲတုံးများကို ထုထောင်းအမှုန့်ကြိတ် ခဲရည်ဖျော်၍ အိုးများတွင် ခဲရည်သုတ်ခြင်း လုပ်ငန်းများ၌လည်း တွေ့ကြုံနိုင်သည်။ ကားဘော်ဒီဆေးမှုတ်လုပ်ငန်းနှင့် ဂဟေဆော်လုပ်ငန်း၊ ငါးဖမ်းပိုက်သုံး ခဲလုံးများ၊ ခဲချောင်းများထုတ်လုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် အရောင်တင်ဆီလုပ်ငန်းများတွင်လည်း ခဲဆိပ်သင့်အန္တရာယ်ဖြစ်နိုင်သည်ကို သတိပြုကြရပေမည်။

ခဲမှုန်၊ ခဲငွေ့များ လူ၏ခန္ဓာကိုယ်အတွင်းသို့ အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းတို့မှတစ်ဆင့် ဝင်ရောက်နိုင်သည်။ ခဲသတ္တုလုပ်ငန်းခွင်အတွင်း အစားအစာစားသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ခဲပါဝင်သော အလှကုန်ပစ္စည်းများ၊ ခဲသတ္တုပါဆိုးဆေးဖြင့် အရောင်ခြယ်ထားသောပစ္စည်းများ အသုံးပြုခြင်းတို့ကြောင့်လည်း ဝင်ရောက်နိုင်သည်။

ခဲဆိပ်သင့်ခြင်းသည် လုပ်ငန်းခွင်ကြောင့်ဖြစ်ပွားသော ရောဂါအမျိုးအစားတွင် ပါဝင်သည်။ ခဲသတ္တု ကိုင်တွယ်လုပ်ကိုင်ကြသူများသာမက အတူနေကလေးနှင့် ကိုယ်ဝန်ဆောင်များ၊ မိသားစုများ ခဲဆိပ်သင့်နိုင်သည်။ အသက်လေးနှစ်အောက်ကလေးများ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ ကိုယ်ခန္ဓာကြီးထွားမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ လူကြီးများ မောပန်းလွယ်ခြင်း၊ အဆစ်များ၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ဦးနှောက်ရောင်ခြင်း၊ မေ့မြောသတိလစ်ခြင်း၊ သေဆုံးခြင်းတို့ဖြစ်စေနိုင်သည်။

ပြည်သူများအနေဖြင့် ခဲဆိပ်သင့်ခြင်းအန္တရာယ်မဖြစ်စေရန် ခန္ဓာကိုယ်အတွင်း ခဲဆိပ်ဝင်ရောက်မှု သတိပြုစစ်ဆေးခြင်း၊ သားငါးမျိုးစုံ၊ ပဲမျိုးစုံ၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်၊ ပေါက်ပန်းဖြူရွက်များ နေ့စဉ်ပုံမှန် စားသောက်ကြရပေမည်။ တစ်ဖက်မှလည်း ခဲမှုန်၊ ခဲရည်၊ ခဲငွေ့ထုတ်သည့် လုပ်ငန်းများအားလုံးကို လူနေအိမ်များနှင့် သီးခြားလုပ်ကိုင်စေခြင်း၊ ခဲနှင့် ဆက်စပ်ထုတ်လုပ်သည့် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများမှ ခဲဆိပ် ခဲငွေ့များ လူနေပတ်ဝန်းကျင်သို့ ပျံ့နှံ့မှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြခြင်းဖြင့် ခဲဆိပ်သင့်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ။

ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို အထက(၁) မြဲရောခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် ဦးစိုးမြင့်-ဒေါ်ခင်လေးရီ၊ သားကြီး မောင်ဟိန်းသူ (တပ်မတော် ဆေးတက္ကသိုလ်)၊ သားငယ် မောင်စွမ်းလူ (ရတနာပုံဆိုင်ဘာစီးတီး နည်းပညာတက္ကသိုလ်)၊ သမီးငယ် မဓိတာရွှေ (ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း) နယူးရွှေစင် စိန်ရွှေရတနာဆိုင်မိသားစုက ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုး လက်ခံစဉ်။ (ကြေးမုံ)

မီးမလောင်ခင် သတိယုဉ် ကြိုတင်ကာကွယ်ပါ

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် အမရပူရမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမရပူရမြို့နယ် ဆင်ရွာ၊ မြင်းမူကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ယင်းနောက် တိုင်းမှူးသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသည်းရောဂါဝေဒနာရှင်များနှင့် ဆရာဝန်များအတွက် ဆွေးနွေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကကြီးမှူး၍ ဆရာဝန်များအတွက် အသည်းအစားထိုးကုသခြင်းနှင့် ပတ်သက်သော ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အိန္ဒိယနိုင်ငံ Apollo ဆေးရုံကြီးမှ အသည်းအစားထိုးဆရာဝန်ကြီး Prof: Dr. Subash Gupta နှင့် ကလေးအသည်းအထူးကု ဆရာဝန်ကြီး Prof: Dr. Anupam Sibal တို့ လာရောက်၍ ဟောပြောမည်ဖြစ်သည်။

အသည်းရောဂါ ဝေဒနာရှင်များနှင့် စိတ်ဝင်စားသူများအတွက် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ ရန်ကုန်မြို့ ချန်ထရီရန်ဟိုတယ်၌ သက်ဆိုင်ရာလူနာများကို ယင်းအသည်းအထူးကု ဆရာဝန်ကြီးများက အခမဲ့ ဆွေးနွေးပေးမည်ဖြစ်ပြီး နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ အသည်းရောဂါနှင့် ပတ်သက်သော သိကောင်းစရာများကို ဟောပြောမည်ဖြစ်ရာ တက်ရောက်ရန် စိတ်ပါဝင်စားသူများ၊ ဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးလိုသော အသည်းရောဂါဝေဒနာရှင်များအနေဖြင့် ဒေါက်တာကျော်မင်း KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဖုန်း-၀၁-၇၃၀၇၆၄၀၄၊ ၀၁-၅၅၇၄၄၈၊ ext ၈၉၉ တို့သို့ ဖေဖော်ဝါရီ ၁၅ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပညာရေးမိသားစု၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက်က တပ်ကုန်းမြို့ အထက(၁) ရွှေရတုရင်ပြင်၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည် ဗဟိုအဆင့် စာစီစာကုံး ပထမအဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းတွင်း ထူးချွန်ဆု ၁၂ ဆုရ အဌမတန်းမှ မသီရိအား ဆုချီးမြှင့်စဉ်။ (၅၆၄)

ရန်ကုန်မြို့ လှိုင်မြို့နယ် စံကားဝါလမ်း အေးရိပ်မွန်အိမ်ရာနေ ဦးကိုကိုမြင့်-ဒေါ်နှင်းရည်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၄၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၇)ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၇)၌ ပြည်ထောင်စုအစိုးရဖွဲ့ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ထုတ်ပြန်ကြေညာ၊ ရန်ကုန်သားတွေ ရေအတွက် မပူပါနဲ့၊ မြန်မာဘုရင် သီပေါမင်းနေထိုင်ခဲ့သော နန်းတော်အား ပြတိုက်အဖြစ်ပြောင်းလဲမည်၊ ကမ္ဘာတွင် ခရီးသွားလုပ်ငန်း ရုတ်ခြည်း တိုးတက်လာသော နိုင်ငံအဖြစ် မြန်မာရွေးချယ်ခံရ၊ ခြေ၊ လက် ၂၆ ချောင်းပါ မြန်မာပြည်က သမီးငယ်လေး ဂင်းနက်စ်စံချိန်တင်ရန် ကြိုးပမ်းနေ၊ နိုင်ငံတကာအဆင့်မီ ဆရာဖြစ်နိုင်ပြီ၊ ပါရမီတက္ကစီ အနုကြမ်းစီးခံရ၊ ရေသန့်များကို စစ်ဆေးပြီ၊ မြန်မာလုပ်သားများ ဘယ်ဆီဆက်သွားကြမလဲ၊ ကိုရီးယား စစ်သင်္ဘောနဲ့ တိုက်ပွဲဖြစ်တိုင်း ကျွန်တော်တို့ ဓားစာခံတွေကို ရှေ့ကကာခိုင်းထားပြီး သေနတ်နဲ့ချိန်ထားတယ် ဆိုမာလီဓားပြလက်မှ လွတ်မြောက်လာသော သင်္ဘောသား ကိုဇေယျာကိုဝင်းကိုနှင့် တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံ ပေးစာ၊ ခေါင်းဆောင်ဟူသည်၊ မင်းခယောကျ်ား၊ အမေ့နို့ရည် ဘယ်တော့မှမခန်းပြီ စသည့် ဖတ်စရာ၊ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အပြောင်းအလဲက မဟာဗျူဟာမြောက် ဘေးအန္တရာယ်များကို ဆောင်ကြဉ်းလာမည်လား နိုင်ငံတကာ သတင်းဆောင်းပါးနှင့်အတူ အိန္ဒိယကို ဘယ်အရာတွေ ဒုက္ခပေးနေလဲ၊ ဂျပန်တွင် ကပ်ဘေးဒုက္ခသုံးမျိုး ဆက်တိုက်ဖြစ်ပွား၊ အိန္ဒိယတွင် ရထားခေါင်မိုးပေါ် လိုက်ပါစီးနင်းသူ ၁၈ ဦး သေဆုံး၊ လူငယ်များတွင် အဖြစ်များသော စိတ်ဝေဒနာ၊ အချစ်ကြောင့်----ထောင်ချခံရပြီ၊ လီဟိုးရီက အာရှမှာဆွဲဆောင်မှုအရှိဆုံး စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည်တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း ဇန်နဝါရီလအတွင်း မီးလောင်မှု (၇၂)ကြိမ်ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် (၇၂)ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေ့ါဆမီး (၅၁)ကြိမ်၊ အလိုအလျောက်မီး ခြောက်ကြိမ်၊ လျှပ်စစ်မီး (၁၂) ကြိမ်၊ မသမာသူရှို့မီး နှစ်ကြိမ်၊ သောင်းကျန်းသူရှို့မီး တစ်ကြိမ်ပါဝင်သည်။

ထိုသို့မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၆၂ လုံး၊ ဂိုဒေါင်တစ်လုံးမီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၈၁၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူငါးဦးသေ၍ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။

မီးလောင်မှု(၇၂)ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေ့ါဆမီး(၅၁)ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေ့ါဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၀ ဒသမ ၈၃ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ပဲခူးတိုင်းဒေသကြီး၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုများ၏ ဆုံးရှုံးမှုများကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆန်းစစ်ကြည့်ရာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဆုံးရှုံးမှုအများဆုံး၊ ရခိုင်ပြည်နယ်၌ ဒုတိယဆုံးရှုံးမှု အများဆုံးနှင့် ပဲခူးတိုင်းဒေသကြီး၌ တတိယအများဆုံး ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုအကြိမ် အများဆုံးဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှု (၁၇)ကြိမ်အနက် (၁၀)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေ့ါဆမှုကြောင့် လောင်ကျွမ်းရသောမီးများဖြစ်ကြောင်း၊ ကျေးရွာမီးလောင်မှု (၂၆) ကြိမ်ဖြစ်ပွားခဲ့ပြီး မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၃၆ ဒသမ ၁၁ ရာခိုင်နှုန်းခန့် ပါဝင်ခဲ့သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ/ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေ့ါဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကို အားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ပုလဲမြို့နယ်မှ

၁၀ မိုင်အကွာရှိ သင်ဂဒိုးအစမ်းတွင်း အမှတ်(၁)မှ အနက်ပေ ၆၉၇၂-၇၀၀၀ ရှိ သဲကြောအတွင်း သဘာဝဓာတ်ငွေ့များတစ်နေ့လျှင် ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသဖြင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် SIPC ကုမ္ပဏီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့တွင် သင်ဂဒိုးအစမ်းတွင်းအမှတ်(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ SIPC ကုမ္ပဏီမှ Chief Officer Mr. Li Yong Sheng က အစမ်းတွင်းရှင်းလင်းဆောင်၌ တွင်းတူးဖော်ဆောင်ရွက်ခဲ့မှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်တွေ့ရှိခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ ခိုအောင်းပမာဏကို ခိုင်မာစွာ တွက်ချက်အတည်ပြုရေး၊ အခြားသော ခိုအောင်းလွှာများတွင် ရှာဖွေရေးတွင်းများ အရှိန်အဟုန်မြှင့် ဆက်လက်တူးဖော်ရေး၊ တွေ့ရှိထားသော သဘာဝဓာတ်ငွေ့များကို အမြန်ဆုံးထုတ်ယူအသုံးပြုနိုင်ရန်အတွက် Field Development Plan ကို အမြန်ဆုံးတွက်ချက်တင်ပြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး လုပ်ငန်းခွင်အတွင်း သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

သင်ဂဒိုး အစမ်းတွင်းအမှတ်(၁)မှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၁ သန်းခန့် စမ်းသပ်ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပြီး စွမ်းအင်ဝန်ကြီးဌာနနှင့် SIPC ကုမ္ပဏီတို့သည် လုပ်ကွက်အမှတ် Block-D အတွင်း ပုထိုးလုံအစမ်းတွင်း အမှတ်(၃)၊ ပုထိုးလုံအစမ်းတွင်းအမှတ်(၁-၁)နှင့် သင်ဂဒိုးအစမ်းတွင်း အမှတ်(၂)တို့ကို ဆက်လက်တူးဖော်သွားမည်ဖြစ်ကာ စနစ်တကျ ထုတ်ယူဖြန့်ဖြူးရေးအစီအစဉ်များကို ဆက်လက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းသစ် ကတ္တရာလမ်းခင်းနေမှု ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရိုးမဖြတ်ကျော်လမ်း ဆဋ္ဌမလမ်းဖြစ်သော နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်တစ်လျှောက် ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် တံတားများ၊ Box Culvert များ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မိုင်တိုင်အမှတ်(၆/၆)နှင့် (၆/၇)အကြား၌ Ruby Group Construction Co., Ltd. က Box Culvert တည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ် (၇/၄) နှင့် (၇/၅)အကြား၌ ပန်းသီကုမ္ပဏီက Box Culvert တည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၉/၄)နှင့် (၉/၅) အကြား၌ ခေတ်သစ်ကုမ္ပဏီက ငလိုက်ချောင်းတံတား ပေ ၂၀ လေးခန်းတွဲ Box Culvert တည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ်(၁၁/၆)၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၉)က ပေ ၂၀ သုံးခန်းတွဲ Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ်(၂၈/၀)ရှိ ရွှေပန်းကုန်းလမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား (မကွေး)လမ်းလုပ်ငန်းများအား အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးဝင်းဖေက ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦးက တံတားများ တည်ဆောက်နေမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်နှင့် အင်ဂျင်နီယာမှူးကြီး ဒေါ်စီသန်းတို့က ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် လမ်းတစ်လျှောက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားများ၊ Box Culvert များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းသစ်သည် ပဲခူးရိုးမကို ဖြတ်ကျော် ဖောက်လုပ်ထားသည့် လမ်းခုနစ်လမ်းတွင် ဆဋ္ဌမမြောက်လမ်းဖြစ်ပြီး အရှည် ၁၀၇ မိုင် နှစ်ဖာလုံရှိကာ အဆိုပါလမ်းပေါ်၌ တံတားလေးစင်း၊ Box Culvert ၁၅၃ စင်း စုစုပေါင်း ၁၅၇ စင်းရှိကြောင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင် ငါးဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ တစ်ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ တစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ လေးဖွဲ့နှင့် ကုမ္ပဏီ ၁၁ ဖွဲ့ စုစုပေါင်း ၂၂ ဖွဲ့တို့ဖြင့် လူအင်အား၊ စက်ယန္တရားအင်အားတို့ကို အင်အားပြည့် အသုံးပြုကာလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နေ့/ည ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

သဘာဝရေလှောင်တွင်း ၆၀ မှ တစ်တွင်းလျှင် ပျမ်းမျှ တစ်နာရီလျှင် ရေလှောင်နှုန်းဂါလန် ၃၀၀၀ ရရှိခဲ့သည်။ ပျော်ဘွယ်-ဘုရားငါးဆူဇုန်သည် နှစ်စဉ်မိုးရေချိန်နည်းပါးပြီး ပူပြင်းခြောက်သွေ့သည့် ဒေသတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေ ဖူလုံစွာ မရရှိသော ဒေသတစ်ခုဖြစ်သည်။ ယခု စီမံကိန်းအရ ရေထွက်နှုန်း ကောင်းမွန်သော သဘာဝရေလှောင်တွင်းများမှရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ဖူလုံစွာ ရရှိသဖြင့် သီးနှံစိုက်ဧကများ တိုးတက်လာပြီး ယခင်က တစ်သီးသာစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံများဖြင့် သီးထပ်၊ သီးညှပ်များ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတွင်း စိုက်ဧကနှင့် အထွက်နှုန်းများ တိုးတက်လာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့ပြီဖြစ်သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးသာမက မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက်လည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တူးဖော်ပေးခဲ့ရာ၌ ယနေ့ထိ နေပြည်တော်ဇုန်တွင် စက်ရေတွင်း ၁၀၄ တွင်း၊ မိတ္ထီလာ-သာစည်ဇုန်တွင် စက်ရေတွင်း ၄၄၉ တွင်း၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင် စက်ရေတွင်း ၈၀၊ နွားထိုးကြီးဇုန်တွင် စက်ရေတွင်း ၄၆ တွင်းနှင့် ဟသ်ာတဇုန်တွင် စက်ရေတွင်း ၁၆၇ တွင်း စုစုပေါင်းစက်ရေတွင်း ၈၄၆ တွင်း တူးဖော်ပေးနိုင်ခဲ့သည်။ အဆိုပါ စက်ရေတွင်းများမှရေဖြင့် စုစုပေါင်းစိုက်ဧက ၄၅၀၀ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ဒေသခံပြည်သူ ၈၀၀၀၀ ကျော်အတွက် သောက်သုံးရေပေးဝေနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေအောက်ရေ ဖော်ထုတ်အသုံးပြုရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ RG-Petro Machinery Group Co.,Ltd မှ ထုတ်လုပ်သော RG အမျိုးအစား တွင်းတူးစက် ၁၂ စီးကို ၂၀၁၀ ခုနှစ်အတွင်း မှာယူပံ့ပိုးပေးခဲ့သည်။ ယနေ့ထိ RG တွင်းတူးစက် ခြောက်စီး ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း တွင်းတူး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းသော RG တွင်းတူးစက်များ၏ တွင်းတူးဖော်နိုင်မှုစွမ်းရည်မှာ အနက်ပေ ၁၀၀၀ အထိဖြစ်ပြီး လိုအပ်ပါက ကျောက်လွှာအမာများကိုပါ ထွင်းဖောက်တူးဖော်နိုင်သော စနစ်ပါရှိသည်။ တွင်းတူးစက်တစ်စီးလုံးကို Hydraulic System ဖြင့် အပြည့်အဝမောင်းနှင်နိုင်သဖြင့် မြေအောက်ရေ ဖော်ထုတ်အသုံးပြုခြင်းလုပ်ငန်းများတွင် ပိုမို၍ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ RG တွင်းတူးစက်တစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၅၀၀၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဦးတည်ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အပူပိုင်းဇုန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးလုပ်ငန်းများသည် အခြေခံကျသော လုပ်ငန်းပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ ဖော်ထုတ်ရရှိပြီး ရေအရင်းအမြစ်များအပြင် မဖော်ထုတ်ရသေးသော မြေအောက်ရေ သယံဇာတများကိုလည်း စူးစမ်းရှာဖွေလျက်ရှိသည်။ ရေအရင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော မြေအောက်ရေရရှိရေးလုပ်ငန်းတွင် အသုံးပြုသည့် RG တွင်းတူးစက်အသစ်ကို တွေ့ရစဉ်။

ယင်းသို့ ဆောင်ရွက်ရာတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော စိုက်ပျိုးမြေများတွင် အထွက်နှုန်း ပိုမိုကောင်းမွန်စေရန်နှင့် လုံလောက်သော ရေရရှိနိုင်ရေးအတွက်လည်းကောင်း၊ စိုက်ပျိုးနိုင်ခြင်းမရှိသေးသော ဒေသများတွင် သီးနှံစိုက်ဧကများ တိုးချဲ့နိုင်ရေးအတွက် လိုအပ်သောရေ ရရှိနိုင်ရေးအတွက်လည်းကောင်း စီမံချက်ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

မြေအောက်ရေဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန် ငါးဇုန်တွင် စက်ရေတွင်းများ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ဇုန်တွင် စက်ရေတွင်းလေးတွင်း၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင် စက်ရေတွင်း သုံးတွင်း စုစုပေါင်း စက်ရေတွင်း ခုနစ်တွင်း တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်သည်။ ယင်းသို့ မှာယူခဲ့ရာမှ ကျန်ရှိသော RG တွင်းတူးစက် ခြောက်စီးမှာ ၂၀၁၁ ခုနှစ် မတ်လအတွင်း ရောက်ရှိမည်ဟုသိရသည်။

အမြစ် အသုံးချရေးဦးစီးဌာနသည် မြေအောက်ရေကို အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေးအတွက် RG တွင်းတူးစက်သစ်ကြီးများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီးတင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယမန်နှစ် ချန်ပီယံများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းတို့က ယင်းတို့ဆွတ်ခူးရရှိခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပေးအပ်ကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးဇော်ဇော်နှင့် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့ လိုက်ပါလျက် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် မြန်မာ့လက်ရွေးစင်များ ဖြစ်ကြသော အောင်ကျော်နိုင်နှင့် ဖြိုးမင်းသာတို့က တစ်ဦးချင်း သရုပ်ပြကစားကြပြီး သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပသည်။ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုတို့မှ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းပေါင်းစုံ ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်သိန်း မြို့နယ်ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်း (လယ်ဆင့်)မြို့နယ်အဆင့်(ပထမ)၊ ခရိုင်အဆင့်(ပထမ)၊ တိုင်းဒေသကြီးအဆင့်(ပထမ)၊ မြို့နယ်ဘက်စုံထူးချွန်ဆုရ အလက(၄) မှ ဆရာမကြီး ဒေါ်ခင်ညွန့်အား ဆုချီးမြှင့်စဉ်။ (၆၄)

ရောဂါဘယနှင့် အကြမ်းဖက်မှုများကြောင့် သေဆုံးရသူဦးရေထက် အရက်ကြောင့်သေဆုံးရသူပိုများ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၃

ကမ္ဘာပေါ်တွင် နှစ်စဉ်သေဆုံးကြရသော လူဦးရေ၏ လေးရာခိုင်နှုန်းသည် အရက်သေစာ သောက်သုံးသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)၊ အဆုတ်ရောဂါနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးရသူအရေအတွက်ထက် အရက်သေစာကြောင့် သေဆုံးရသူဦးရေက ပိုမိုများပြားကြောင်း ဒဗလျူအိတ်ချ်အိုက ဆိုသည်။

အိန္ဒိယနှင့် တောင်အာဖရိကအပါအဝင် လူဦးရေများပြားသော အာဖရိကနှင့် အာရှနိုင်ငံများ၌ လူတစ်ဦးချင်းဝင်ငွေ မြင့်တက်လာသည်နှင့်အမျှ အရက်သေစာ သောက်သုံးမှုနှုန်းမှာလည်း ပိုမိုမြင့်တက်လာသည်ဟု ဆိုသည်။

အလားတူ ဖွံ့ဖြိုးပြီးနိုင်ငံများ၌လည်း အရက်သေစာ အလွန်အကျွံသောက်သုံးမှုမှာ ပြဿနာတစ်ရပ်ဖြစ်လာကြောင်း ဒဗလျူအိတ်ချ်အို၏ အဆိုအရ သိရသည်။

အရက်သေစာသောက်စားမှုကြောင့် မလိုလားအပ်သော အကျိုးဆက်များဖြစ်ပေါ်ပြီး လူသေဆုံးမှုနှုန်း မြင့်မားနေသော်လည်း ကမ္ဘာ့နိုင်ငံအများစု၏ အရက်သေစာထိန်းချုပ်မှု မူဝါဒများသည် ထိရောက်မှုမရှိသကဲ့သို့ အစိုးရအဖွဲ့များ၏ ဦးစားပေးသော မူဝါဒများတွင်လည်း ပါဝင်မှုမရှိသေးကြောင်း သိရသည်။

ဒဗလျူအိတ်ချ်အိုက ထုတ်ပြန်သော အရက်နှင့်ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့ကိန်းဂဏန်းအစီရင်ခံစာအရ ကမ္ဘာပေါ်တွင် နှစ်စဉ် အရက်သေစာသောက်သုံးမှုနှင့် ဆက်နွှယ်သော ရောဂါဘယများကြောင့် ခန့်မှန်းခြေ လူ ၂ ဒသမ ၅ သန်း သေဆုံးကြရကြောင်း ဖော်ပြထားသည်။

အရက်သေစာကို ဘေးဖြစ်စေသည်အထိ သောက်သုံးမှုသည် အထူးသဖြင့် လူငယ်များ၏ ရှေ့ရေးကို ဆိုးကျိုးသက်ရောက်စေကြောင်း၊ အသက် (၁၅)နှစ်နှင့် (၅၉)နှစ်အကြားရှိသော လူများ သေဆုံးမှုတွင် အရက်သေစာ သောက်သုံးခြင်းသည် အခြေခံအကြောင်းတရားတစ်ရပ်အဖြစ် ပါဝင်နေကြောင်း ဒဗလျူအိတ်ချ်အို၏ အစီရင်ခံစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ရှီးယိုက်ဘုရားဖူးယာဉ်ကို အသေခံဗုံးခွဲတိုက်ခိုက်၍ ၂၆ ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ဝတ်ကျောင်းတစ်ခုမှပြန်လာသော ရှီးယိုက်ဘုရားဖူးယာဉ်တစ်စီးကို အသေခံဗုံးခွဲသမားတစ်ဦးက စနေနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၂၆ ဦး သေဆုံး၍ ၃၀ ခန့်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ယခုတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ အကွာ ဆာမာရာမြို့ရှိ ရှီးယိုက်တို့၏ သမိုင်းဝင်ဝတ်ကျောင်းဖြစ်သော အယ်လ်အက်စ်ကာရီဝတ်ကျောင်းသို့ လာရောက်ကြသည့် ရှီးယိုက်များကို သုံးရက်အတွင်း ဒုတိယအကြိမ်မြောက် အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အယ်လ်အက်စ်ကာရီဝတ်ကျောင်းသည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က ဖြစ်ပွားခဲ့သော အီရတ်အယ်လ်ခိုင်ဒါများ လက်ချက်ဟု ယူဆရသည့် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရာ ပြန်လည်ပြင်ဆင်နေရဆဲဖြစ်သည်။

ယင်းဝတ်ကျောင်းတိုက်ခိုက်ခံရမှုကို အကြောင်းပြု၍ အီရတ်နိုင်ငံအတွင်းရှိ ဆွန်နီနှင့် ရှီးယိုက်အုပ်စုတို့အကြား အပြန်အလှန် လက်စားချေတိုက်ခိုက်မှုများ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရသည်။

စနေနေ့ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ဗုံးခွဲသမားသည် ဘုရားဖူးခရီးသည်များနှင့် ရောနှောလိုက်ပါလာပြီး ဝတ်ကျောင်းမှ နှစ်မိုင်ခန့်အကွာတွင် ၎င်းကိုယ်၎င်း ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း ဆာမာရာမြို့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ မော်တော်ယာဉ် ရှစ်စီး မီးလောင်ပျက်စီးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

အေပီ။



၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသော အယ်လ်အက်စ်ကာရီ ရှီးယိုက်ဝတ်ကျောင်းကို တွေ့ရစဉ်။

ချီလီနိုင်ငံတွင် အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်

ကွန်ဆက်စီယွန် ဖေဖော်ဝါရီ ၁၃

ချီလီနိုင်ငံအလယ်ပိုင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသော ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ၂၀၁၀ ခုနှစ်က အင်အားရစ်ချ်တာ စကေး ၈ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သော ဒေသကိုပင် ထပ်တူနီးပါးမျှ ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အားနှင့် ဖုန်းလိုင်းများပြတ်တောက်သွားကာ ထောင်ပေါင်းများစွာသော လူများသည် နောက်ဆက်တွဲ ဆူနာမီအန္တရာယ်ကို ကြောက်ရွံ့သဖြင့် ကုန်းမြင့်များသို့ တက်ရောက်ရှောင်တိမ်းခဲ့ကြသည်။

သို့သော် ချီလီအစိုးရက ဆူနာမီအန္တရာယ်မရှိကြောင်း မဆိုင်းမတွ ကြေညာခဲ့သည်။ အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာရရှိသည့် သတင်းများကို ရရှိခြင်းမရှိပေ။

အဆိုပါ ငလျင်လှုပ်ခတ်ပြီးနောက် နာရီပိုင်းအကြာတွင် အင်အားရစ်ချ်တာစကေး ၃ ဒသမ ၉ မှ ၆ ဒသမ ၃ အထိရှိသော နောက်ဆက်တွဲ ငလျင်တစ်ဒါဇင်ခန့် လှုပ်ခဲ့သည်။ **အေပီ။**

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်မှရှောင်ပြေးလာသော ချီလီအမျိုးသမီးနှင့် ၎င်း၏ သားငယ်ကို တွေ့ရစဉ်။

ဆိုမာလီပင်လယ်ဓားပြပြဿနာ ကမ္ဘာ့ရေနံဖြည့်ဆည်းမှု ထိခိုက်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၃

အိန္ဒိယသမုဒ္ဒရာအတွင်း သောင်းကျန်းနေသော ဆိုမာလီပင်လယ်ဓားပြများသည် ကမ္ဘာ့ရေနံဖြည့်ဆည်းမှုကဏ္ဍကို ကမောက်ကမဖြစ်စေနိုင်ကြောင်း လွတ်လပ်သောနိုင်ငံတကာရေနံတင်သင်္ဘောပိုင်ရှင်များအသင်းက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဆိုမာလီပင်လယ်ဓားပြများသည် အိန္ဒိယသမုဒ္ဒရာအတွင်း သွားလာနေသော နိုင်ငံတကာသင်္ဘောများကို တိုက်ခိုက်ရန်အတွက် ၎င်းတို့ဖမ်းဆီးထားသည့် သင်္ဘောစင်းရေ အနည်းဆုံး ၂၀ ကို မိခင်သင်္ဘောများအဖြစ် အသုံးပြုနေကြောင်း ရေနံတင်သင်္ဘောပိုင်ရှင်များအသင်းက ပြောကြားသည်။

အိုမန်နိုင်ငံ ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ ဖေဖော်ဝါရီ ၉ ရက်က ပြန်ပေးဆွဲခံခဲ့ရသည့် ဂရိအလံလွှင့်တင်ထားသော အိုင်ရီနီအက်စ်အယ်လ် အမည်ရှိ ရေနံတင်သင်္ဘောတွင် တင်ဆောင်ထားသော ရေနံစိမ်းပမာဏသည် အမေရိကန်နိုင်ငံ၏ တစ်ရက်တာ ရေနံစိမ်းတင်သွင်းမှု၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း အဆိုပါအသင်းကဆိုသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း သောင်းကျန်းနေသော ဆိုမာလီပင်လယ်ဓားပြများအရေးကို ထိရောက်စွာ မဖြေရှင်းပါက အရေးကြီးသော ရေလမ်းကြောင်းများ လုံခြုံမှုပျက်ယွင်းပြီး အမေရိကန်နိုင်ငံနှင့် ကျန်ကမ္ဘာ့ဒေသများသို့ ရေနံဖြည့်ဆည်းမှု ကမောက်ကမ ဖြစ်သွားနိုင်သည်ဟု ဆိုသည်။ **အင်တာနက်။**



၁၉၈၄ ခုနှစ်တွင် အမျိုးသားပထဝီဝင် မဂ္ဂဇင်းက ဖော်ပြခဲ့သော အာဖဂန်အမျိုးသမီး၏ ပုံရိပ်။

၂၀၁၀ ခုနှစ်၏ ကမ္ဘာ့စာနယ်ဇင်း ဓာတ်ပုံဆု ရရှိခဲ့သော အာဖဂန်အမျိုးသမီးငယ်၏ ဓာတ်ပုံ။

မျက်နှာကို ဖျက်ဆီးခံခဲ့ရသော အာဖဂန်အမျိုးသမီးတစ်ဦး၏ဓာတ်ပုံ ၂၀၁၀ ခုနှစ် ကမ္ဘာ့စာနယ်ဇင်းဓာတ်ပုံဆု ဆွတ်ခူးနိုင်ခဲ့

အမ်စတာဒမ် ဖေဖော်ဝါရီ ၁၃

တောင်အာဖရိကဓာတ်ပုံဆရာမ ဂျိုဒီဘီဘာရိုက်ကူးခဲ့သည့် တာလီဘန်တို့၏ တရားစီရင်မှုအရ ခင်ပွန်းသည်က နှာခေါင်းနှင့် နားရွက်များလှီးဖြတ်ကာ ပြစ်ဒဏ်ပေးခံခဲ့ရသော အာဖဂန်အမျိုးသမီးငယ်တစ်ဦး၏ဓာတ်ပုံသည် ၂၀၁၀ ခုနှစ်အတွက် ချီးမြှင့်သည့် ကမ္ဘာ့စာနယ်ဇင်းဓာတ်ပုံဆုကို ဆွတ်ခူးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာ့စာနယ်ဇင်း ဓာတ်ပုံဆုသည် စာနယ်ဇင်းလောကသားများ အမက်မောဆုံးဆုတစ်ဆု ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်သော ခင်ပွန်းသည်ထံမှ ရှောင်ပြေးခဲ့သည့် ပြစ်မှုဖြင့် ရက်စက်စွာဒဏ်ခတ်ခံခဲ့ရသော အာဖဂန်အမျိုးသမီးငယ်၏ ဒဏ်ရာဒဏ်ချက်များနှင့် ၎င်း၏ကျန်ရစ်ဆဲအလှကို ဂျိုဒီဘီဘာ၏ ဓာတ်ပုံက အပြိုင်ဖော်ညွှန်းထားသည်။

အသက် (၁၈)နှစ် အရွယ် ဘီဘီအီရှာ အမည်ရှိ အာဖဂန်အမျိုးသမီးငယ်၏ ဓာတ်ပုံကို ယခုနှစ် ဩဂုတ် ၁ ရက်ထုတ် တိုင်းမ်မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဘီဘာရိုက်ကူးခဲ့သော ဓာတ်ပုံသည် တုန်လှုပ်ဖွယ်ကောင်းသော်လည်း အကြမ်းဖက်ခံရသော အမျိုးသမီးများ၏အဖြစ်ကို လက်စွမ်းပြရိုက်ကူးခြင်းဖြစ်သောကြောင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့စာနယ်ဇင်းဓာတ်ပုံဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

ဂျိုဒီဘီဘာ၏ဓာတ်ပုံသည် အမျိုးသားပထဝီဝင်မဂ္ဂဇင်းက ၁၉၈၄ ခုနှစ်တွင် ဖော်ပြခဲ့သော စူးရှသောအကြည့်ပိုင်ရှင် အာဖဂန် မိန်းမချောတစ်ဦး၏ ကမ္ဘာကျော်ပုံရိပ်ကို အမှတ်ရဖွယ်ဖြစ်သည်။

အသက် (၄၄) နှစ်အရွယ်ရှိ ဓာတ်ပုံဆရာမ ဂျိုဒီဘီဘာသည် အလွတ်တန်းစာနယ်ဇင်းဓာတ်ပုံပညာရှင် တစ်ဦးဖြစ်သည်။ **အေပီ။**

၂၀၁၀ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း သဘာဝဘေးများကြောင့် လူပေါင်း ၂၅၀၀၀၀ကျော် သေဆုံး

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၃

လွန်ခဲ့သောနှစ်က ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၂၅၀၀၀၀ ကျော်သေဆုံးခဲ့ကြောင်း၊ နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း ၂၀၁၀ ခုနှစ်သည် သေဆုံးမှုအများဆုံးနှစ်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် လှုပ်ခတ်ခဲ့သော ဟေတီငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးမှုများ။

ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆွေးနွေးပွဲတွင် ကုလအတွင်းရေးမှူးချုပ်က မိန့်ခွန်းပြောကြားရာ၌ ၂၀၁၀ခုနှစ်ကဲ့သို့ ၂၀၁၁ ခုနှစ်တွင်လည်း သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်ကြောင်း၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့တွင် အလွန်ပြင်းထန်သည့် ဘေးဆိုးများနှင့် ရင်ဆိုင်ခဲ့ရပြီးဖြစ်ကြောင်း သတိပေးခဲ့သည်။

ငလျင်၊ အပူလှိုင်း၊ ရေကြီးမှုနှင့် ဆီးနှင်းမုန်တိုင်းများကြောင့် ကမ္ဘာ့လူဦးရေ ၂၀၈ သန်းခန့် ဘေးဒုက္ခရောက်ခဲ့ကြရပြီး ၂၅၀၀၀၀ကျော်သေဆုံးခဲ့သည်။ ၂၀၁၀ ခုနှစ် တစ်နှစ်တည်းမှာပင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ဆုံးရှုံးခဲ့သည်။ အဖွဲ့ဝင် ၁၉၂ နိုင်ငံ တက်ရောက်သည့် ဖေဖော်ဝါရီ ၉ရက်က ကျင်းပသော ကုလအထွေထွေညီလာခံတွင် သဘာဝဘေးကြောင့် သေဆုံးမှုအရေအတွက် များပြားခြင်းကို လျော့နည်းသွားစေရန် အန္တရာယ်ကာကွယ်နိုင်သည့် ကျောင်းများ၊ ဆေးရုံများနှင့် မြို့ကြီးများ တည်ဆောက်ရေးကို ဆွေးနွေးခဲ့ကြသည်။

၂၀၁၀ ခုနှစ်အတွင်း ဟေတီ၊ ချီလီနှင့် တရုတ်တို့၌ ငလျင်လှုပ်မှုများ၊ ပါကစ္စတန်နှင့် ဥရောပတို့၌ ရေကြီးမှုများ၊ ရုရှားနှင့် အမေရိကန်တို့၌ တောမီးလောင်မှုများ၊ အာရှ၌ ဆိုင်ကလုန်းမုန်တိုင်းများနှင့် အပူပိုင်းမုန်တိုင်းများ ဖြစ်ပွားခဲ့ခြင်းကို အတွင်းရေးမှူးချုပ်က အလေးအနက်ထား ပြောကြားခဲ့သည်။

ဆင်ဟွာ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကျောက်တော်-စစ်တွေကားလမ်း စစ်ဆေး

နေပြည်တော်　　ဖေဖော်ဝါရီ　၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကျောက်တော်-စစ်တွေကားလမ်းတစ်လျှောက် လမ်း/ တံတားကြံ့ခိုင်မှု အခြေအနေများနှင့် မိုင်တိုင်အမှတ်(၇/၁၄၄)နေရာရှိ ပီကောက်တံတား တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယိုးချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ရခိုင်ပြည်နယ်အတွင်း ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန်　ဖေဖော်ဝါရီ ၁၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်အတွင်း၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲများကို ကျင်းပလျက်ရှိရာ သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော သံတွဲမြို့ အမှတ်(၆) မဟာဗောဓိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြ(၁)လမ်း စောပြည့်ညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကံပိုင်ရပ်ကွက်ရှိ မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းနေ့နံနက် ၈ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာလမ်းသစ် မှခ်ဦးများရှေ့၌ ကျင်းပကြသည်။

အလားတူ မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ရုံးတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မင်းစောမွန်လမ်း ကျောက်ချောခင်းခြင်း လမ်းသစ်ဖွင့်ပွဲကို ယင်းနေ့နံနက် ၉နာရီတွင်လည်းကောင်း သက်ဆိုင်ရာ လမ်းသစ်မှခ်ဦးများရှေ့၌ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်မြို့နယ် ပျဉ်ထောင်ကျေးရွာ သုတရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြင်စိုးတို့ စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

အမြို့မြို့အနယ်နယ်သတင်းများ

ရခိုင်ပြည်နယ် မြေပုံမြို့ မြို့မဈေး၌ မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်သာယာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးသုံးစွဲမှု စနစ်တကျရှိစေရေးအတွက် အဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဈေးအကျိုးဆောင်များ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် မြသီတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်ခင်ထားမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အရာတော်မြို့ သန့်ရှင်းသာယာလှပစေရေး အဖွဲ့ပိုင်ရုံးရှေ့မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်စွာဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမက(၄) မြောက်ဥက္ကလာ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၃

အမက(၄)မြောက်ဥက္ကလာပ ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများမှ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားကို မတ် ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမက(၄) ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဆရာမ ဒေါ်ခင်ခင်စီ ဖုန်း-၇၃၀၁၀၄၀၄၊ ဆရာမဒေါ်ချိုချိုသန်း ဖုန်း-၇၃၀၁၀၇၃၁၊ ဆရာမ ဒေါ်သန်းသန်းအေး ဖုန်း-၇၃၀၁၀၃၉၁၊ ဆရာမ ဒေါ်ခင်ဆန်းမြင့် ဖုန်း-၇၃၀၁၀၃၉၂၊ ကိုလေးနိုင် ဖုန်း-၇၃၁၀၆၉၇၁နှင့် မမေစန္ဒာ ဖုန်း-၇၃၀၂၈၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလုပ်သင်ဗိုလ်လောင်း အမှတ်စဉ်(၂) တေဇ(၂)က (၃၆)နှစ်မြောက် အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အစားအသောက်များနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံညွှန်းများဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

MAT Professional Training & Services နှင့် Guardian Independent Certification Ltd .(UK) တို့ ပူးပေါင်း၍ HACCP-Hazard Analysis Critical Control Points သင်တန်းကို ဖေဖော်ဝါရီ ၂၆ နှင့် ၂၇ ရက်တို့တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

HACCP Standard များသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံမှုအပြည့်အဝပေးနိုင်သော နိုင်ငံတကာ စံညွှန်းများဖြစ်ပြီး မြန်မာနိုင်ငံရှိ Food Industries များတွင် အသုံးပြုနိုင်သော Standard များဖြစ်သည်။ အဆိုပါသင်တန်းသို့ ISO လက်မှတ်ရ ကုမ္ပဏီများ၊ ISO လက်မှတ်ရယူလိုသော ကုမ္ပဏီများ၊ အထက်ပါ Industry များ၊ စက်ရုံ၊ အလုပ်ရုံများမှ ဒါရိုက်တာများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာထမ်းများ၊ လုပ်ငန်းစစ်များနှင့် အခြား HACCP Standard များကို စိတ်ပါဝင်စားသူ မည်သူမဆို စာရင်းပေးတက်ရောက်နိုင်သည်။ သင်တန်းတွင် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် HACCP Standard များ၏ အရေးပါပုံ၊ HACCP စနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ အမြဲမပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု HACCP Certificate ရရှိရန်အတွက် လိုအပ်ချက်များကို ဆွေးနွေးမည်ဖြစ်သည်။ သင်တန်းကို IRCA- UK Registered QMS Auditor [GIC International Ltd. (UK)]မှ ဒေါက်တာတင်လတ်က ပို့ချမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် HACCP နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်သည်။ ၎င်းအပြင် ISO 9001: 2008 သင်တန်း၊ ISO 14001: 2005 သင်တန်း၊ ISO 18001: 2005 သင်တန်း၊ Food Science & Technology သင်တန်း၊ Marketing သင်တန်းနှင့် Auditing သင်တန်းများကို ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ပါရဂူများမှ လစဉ် ပို့ချလျက်ရှိသည်။ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိသည်။စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services ဖုန်း-၂၄၆၆၁၈၊ ၂၄၂၄၃၁နှင့် www. matprofessional. com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၏ ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အထက(၁) သဃ်န်းကျွန်း သပြေခန်းမ၌ ကျင်းပရာ ၂၀၁၀ခုနှစ် စက်တင်ဘာလ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်ပထမဆုရရှိသည့် မဝေမာသူ(အလက-၄၊ သဃ်န်းကျွန်း) အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့် ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

မာန်အောင် အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၃

မာန်အောင် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၇ရက် (တနင်္ဂနွေနေ့) မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ယင်းကျောင်း အောင်ဇေယျာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အထကမာန်အောင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အလှူငွေများကို ဦးခင်မောင်ကြည် ဖုန်း-၀၉၅၁၆၂၄၁၃၊ ခင်သီတာထွန်း(မိချစ်) (၉၁)ဖုန်း-၀၉၈၅၁၃၁၀၇၊ သန်းဇော်(၉၂) ဖုန်း-၀၉၈၅၁၃၁၉၈၊ ညီချေ(၉၃)ဖုန်း-၀၉၈၅၁၃၀၈၂၊ စိန်လှမောင် (၉၅)ဖုန်း-၀၉၄၉၆၇၂၂၀၁၊ ထွန်းမင်းလတ် (၀၀) ဖုန်း-၀၉၄၉၆၇၂၃၆၉နှင့် မောင်မောင်အေး(၀၂) ဖုန်း-၀၉၄၉၆၇၂၄၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	“သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
၈း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၁၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၉။	အတီးပြိုင်ပွဲ
၈း၃၀	၁၀။	“စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်”
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀	၄။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၆။	တေးဂီတအစီအစဉ်
၅း၂၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	“ပျော်စရာကမ္ဘာသို့” (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ဇေလုဝ၊ ငှက်ပျောကြော်)(ဒါရိုက်တာ-မိုက်တီး)
၆း၃၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မေ့မေတ္တာ” (ဒုတိယတွဲ) (အပိုင်း-၈)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	“ကမ္ဘာကျော်သရုပ်ဆောင်များ” (အပိုင်း-၁၁)
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ”(အပိုင်း-၂)**
	၁၈။	အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ခရမ်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်မြင့် ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)



ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်သူ့အားကစားကွင်း၌ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမင်း ဖတ်ကြားစဉ်။ (၅၃)

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့တင်းနစ်အားကစားအောင်မြင်မှုရရှိရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသော တင်းနစ်အသင်းအုပ်ချုပ်နည်းပြဆရာများနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲဝင် အသင်း အုပ်ချုပ်/နည်းပြများ တက်ရောက်ကြသည်။(အပေါ်ပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က ညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နည်းပြချုပ် ဦးမောင်မောင်လေးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် တင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များဖြစ်ကြသော ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)၊ ဦးမျိုးသိန်းထွေးနှင့် ဦးဖေမောင်ထက်တို့က မြန်မာ့တင်းနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲဝင် အုပ်ချုပ်/နည်းပြများက မြန်မာ့တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ပြိုင်ပွဲပုံစံမျိုးမဟုတ်ဘဲ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ-တင်းနစ်ပြိုင်ပွဲပုံစံမျိုးကဲ့သို့ ကျင်းပမည်ဖြစ်ရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား-အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ခုနစ်မျိုး ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးကို ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီးတင်းနစ်ပြိုင်ပွဲတွင် စတင်၍ အကောင်အထည်ဖော် ထည့်သွင်းကျင်းပမည်ဖြစ်ရာသက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်အသင်းများမှ အုပ်ချုပ်/နည်းပြများက ထောက်ခံအတည်ပြုကြပြီး မိမိတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ စည်းရုံးလေ့ကျင့် ပေးသွားမည်ဟု ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးလုံခြုံရေး ဆောင်ရွက်

ပူတာအို ဖေဖော်ဝါရီ ၁၃

ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် လေယာဉ်ကွင်းဈေး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဂျွန်စယ်က ကွင်းဆင်းစစ်ဆေးပြီး ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သဃ်န်းကျွန်းမြို့နယ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မြို့နယ်ရုံးဝင်းမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၅၀၆)

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့ (၉)ကြိမ်မြောက်ညီလာခံ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့၏ (၉)ကြိမ်မြောက်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့နာယက ပါမောက္ခ ဒေါက်တာဒေါ်ကြူကြူဆွေ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောလွင်၊ မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သားဖွားမီးယပ်ပညာ ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်နှင့် သားဖွားမီးယပ်ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောလွင်တို့က အမှာစကားပြောကြားကြသည်။

ညီလာခံစာတမ်းဖတ်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ နီးနွယ်ဘာသာရပ်များမှ ပါမောက္ခများက စုစုပေါင်းစာတမ်း ၃၉ စောင်ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်ပြီး စကားစစ်ထိုးပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကာ ညီလာခံကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့၏ (၉)ကြိမ်မြောက်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဧကာဒသမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာန ဖုန်း-၀၁-၅၀၁၅၄၇၊ ဒေါက်တာခင်မာဝေ ဖုန်း-၀၉-၅၅၀၀၉၂၂၊ ဒေါက်တာသီတာအေး ဖုန်း-၀၁-၇၃၀၄၁၇၂၄၊ ကိုအုန်းဝမ် ဖုန်း-၀၁-၇၃၀၀၃၅၂၈၊ မကကြ်သလင်းသိန်း ဖုန်း-၀၉-၅၀၂-၆၄၇၀၊ မအေးမွန် ဖုန်း-၀၉-၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း-၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုအာသာ ဖုန်း-၀၁-၂၀၂၀၄၆၊ ၀၉-၅၀၄၄၂၆၇၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅၊ ကိုဇော်ဝင်း ဖုန်း-၀၁-၅၂၂၀၇၃၊ ၀၉-၅၁၂၈၈၅၉၊ ကိုအောင်နိုင်မိုး ဖုန်း-၀၁-၅၄၉၆၄၅၊ ၀၉-၅၄၁၄၁၄၄၊ ကိုယဉ်မင်းထွန်း ဖုန်း-၀၉-၄၉၂၅၄၄၀၈နှင့် ကိုစိုးလွင် ဖုန်း-၀၁-၇၃၀၆၀၄၄၂တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဖေဇီရွာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းတက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အမှုဆောင်အရာရှိ ဦးတင်ဌေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်နှင့်အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး စစ်တုရင်အားကစားသမားမသန္တာအေးဝင်းနှင့် မိသားစုက အလှူငွေကျပ်ငါးသိန်းကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်ထံ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူတို့က အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ မေဆုလွင်၊ ဒုတိယဆုရ မေဆက်လွင်နှင့် ပထမဆုရ နန်းအမ်ကေခိုင်လျှမ်းတို့အား ဆုဖလားနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ ကျော်လင်းနိုင်(သစ်တောရေးရာ)၊ ဒုတိယဆုရ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)နှင့်ပထမဆုရ ဇော်ဦး (ကာကွယ်ရေး)တို့အား ဆုဖလားနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ နန်းအမ်ကေခိုင်လျှမ်းနှင့် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ဇော်ဦး(ကာကွယ်ရေး)တို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၆) အမှတ်(၃၁) ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းလမ်းပိုင်း ၂၀၀ ကျော်ကို ပုဂ္ဂလိက ကုမ္ပဏီများအား လွှဲပြောင်းလုပ်ခွင့်ပြုပြီ၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းမှ ထုတ်ချေးငွေနှုန်းများလာသဖြင့် ငွေချေးသူ များပြားလာ၊ အခြေခံပညာ (၈)တန်းအောင်မြင်ပြီးလျှင် Myanmar Noble College သို့ တက်ရောက်ခွင့်ရမည်၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ အိမ်နီးချင်းလေးနိုင်ငံ ပါဝင်ပြသမည်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် နိုင်ငံတကာ အဆင့်မီဂန္ဓမာ လက်ကားဈေးကြီးဖွင့်လှစ်မည်၊ မော်တင်စွန်းဘုရားပွဲသို့ မော်တော်ယာဉ် တိုက်ရိုက်ပြေးဆွဲမည်၊ ကိုကိုးကျွန်းတွင် နေရောင်ခြည်သုံး ဆိုလာစနစ်တယ်လီဖုန်းများသုံးနိုင်ပြီ၊ ရခိုင်ပြည်နယ် ဂီရိမုန်တိုင်းသင့်ဒေသသို့ ငွေကျပ်သိန်း ၁၆၀၀ ကို ရခိုင်သဟာယအသင်းမှ ပေးအပ်လှူဒါန်း၊ မြန်မာပြည်သို့ ထိုင်းခရီးသည် အများဆုံးလာရောက် ဗီယက်နမ်များလည်း ထူးထူးခြားခြား အများအပြားလာ၊ သဃ်န်းကျွန်းမြို့နယ် မီးလောင်မှုဖြစ်ပွား အိမ် ၁၅ လုံး လောင်ကျွမ်း၊ ဆရာပါရဂူ ရေးသည့် တဂိုး၏ ဝတ္ထုများအကြောင်း၊ မောင်သန်းဆွေ (ထားဝယ်)၏ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဒေါက်တာအောင်ခင်ဆင့်၏ 'စာရေးဆရာဘဝ'၊ လူထုစိန်ဝင်း၏ 'လူတွေအကြောင်းရေးမှ လူတွေ ဖတ်မှာပေါ့' စသည့် ဆောင်းပါးကောင်းများ၊ အိန္ဒိယမှာ ငွေကြေးဖောင်းပွမှု၊ ကမ္ဘောဒီးယား နယ်စပ်ပဋိပက္ခ၊ အီဂျစ်မှာ ပိတ်ထားသည့်ဘဏ်များပြန်ဖွင့်၊ ကန်နှင့် ရုရှား နျူကလီးယားစာချုပ် သဘောတူ၊ တရုတ်နှင့် ဂျပန် ပြန်လည်ဆက်သွယ်မည်၊ တောင်ပိုင်း ဆူဒန်တိုက်ခိုက်မှု စသည့် ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာ လောကဇာတ်ခုံ အဖုံဖုံသောသတင်းများဖြင့် News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ (၆) အမှတ် (၃၁) ထွက်ရှိပြီဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

Software & Solution Exhibition 2011 ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကွန်ပျူတာအသုံးချ Software များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရန်နှင့် Software Products များအား အများပြည်သူ ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် Software & Solution Exhibition 2011 ပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ အမှတ်(၉၂) ကမ်းနားလမ်း ရန်ကုန်မြို့ရှိ STRAND HOTEL၌ နှစ်ရက်တိုင်တိုင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပြပွဲ၌ PAG Company Limited, Lucky Bird, Inforithm-Maze , Ahtar Oo Co., Ltd., MCC Group , iNTEGRA, Thein Kabar, K-Link, Capstone Group, MIT, Global Wave, Myanmar Inspi-rations, Assembler Computer Centre, TRUST NET Com-puter, BizSoft, e-Trade, MMG, MTG, KMD စသည့် ကုမ္ပဏီ ပေါင်း ၁၉ ခု ပါဝင်ပြသကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၃၄ ခန်း ဝင်ရောက်ပြသကြမည်ဖြစ်သည်။ ယင်းပြပွဲတွင် ဆော့ဖ်ဝဲ ကုမ္ပဏီများ၊ Solution Provider များ၊ သင်တန်းကျောင်းများ အစရှိသည့် ကုမ္ပဏီများ ဝင်ရောက်ပြသကြမည်ဖြစ်သည်။

ယခုကျင်းပမည့် Software & Solution Exhibition 2011 ပြပွဲသည် ကွန်ပျူတာအသင်းများက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက်ပြပွဲဖြစ်ပြီး ပထမအကြိမ်ပြပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။ ယခုပြပွဲနှင့်အတူ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ STRAND HOTEL ၌ Software & Solution နှင့် ပတ်သက်သည့် ဟောပြောပွဲများလည်း ကျင်းပရန် စီစဉ်ထားသည်။

ကွန်ပျူတာအသင်းများက ကြီးမှူးကျင်းပသော Myanmar ICT Exhi-bition (March 2011) ပြပွဲကိုလည်း မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဒဟတ္တန်းကျေးရွာ သီရိမင်္ဂလာကမ္ဘာအေးတွင် ကျောင်းဆောက်လုပ်ရန်အတွက် မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီးမမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း(မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု) က အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဒေါက်တာဆရာမြင့်(စကြာမင်းဆေးတိုက်)ထံ ဖေဖော်ဝါရီ ၁ ရက်က လှူဒါန်းစဉ်။ (၆၇)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ စိုက်ပျိုးသုတ
- ၄:၂၅ ၇။ အားလုံးရဲ့တာဝန်
- ၄:၃၀ ၈။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၁၅)**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၈)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၄)**
- ၂၄။ Mini Series
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကချင်ပြည်နယ်စာရင်းရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ်အတွင်းရှိ ခရိုင်(၄)ခရိုင်နှင့် မြို့နယ် ၁၁ မြို့နယ်ရှိ စာရင်းရုံးများအား ထပ်ဆင့်ရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကချင်ပြည်နယ်စာရင်းရုံး မြစ်ကြီးနားမြို့ရှိ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၉နာရီတွင် ကျင်းပရာ ကချင်ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူးဦးတင်လှိုင် တက်ရောက်၍ ရှင်းလင်းပြောကြားပြီး ယင်းဆွေးနွေးပွဲသို့ ကချင်ပြည်နယ်စာရင်းရုံး ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်(၄)ခရိုင်နှင့်မြို့နယ် ၁၁ မြို့နယ်ရှိ စာရင်းစစ်အရာရှိများ၊ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်/မြို့နယ်တို့မှ စာရင်းစစ်မှူးများ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကျိုင်းတုံဂေါက်ကွင်း၌ ဇန်နဝါရီ ၂၀ ရက်တွင် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန်းသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်မောင်သန်း၊ ဒုတိယဗိုလ်မှူးကြီးသိန်းဇော်၊ ဦးကျော်အောင်လွင် (အကောက်ခွန်)၊ ဦးအေးကို(နတလ) တို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ၁၆၈ ကိုက်အကွာ ကျင်းအမှတ်(၈)ကို တိုက်တလစ် No.3 ဘောလုံးအား MAROMAN CONDUCTOR HYBRID U 4 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

(ကြေးမုံ)

ပိတ်ဆို့မှု ရှင်းတမ်း

ရန်ကြီးအောင်

ဖေဖော်ဝါရီလ(၈)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် NLD ၏ **"မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ"**ဟု ခေါင်းစဉ်တပ်ထားသော စာတမ်းအပေါ် ကျွန်တော်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အချို့ကို **"ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် NLD"** ဆိုသော ဆောင်းပါးဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအပေါ် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် နယူးဇီလန်စသော အနောက်နိုင်ငံများက ချမှတ်ထားသော ပိတ်ဆို့မှုများနှင့် ပတ်သက်၍ သဘောထား အမျိုးမျိုး ထွက်ပေါ်လာနေသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံ၌ စစ်ဘက်က အုပ်ချုပ်မှုအဆုံးသတ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူအများ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီ အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာနေပြီဖြစ်ရာ ဒီမိုကရေစီအပြောင်းအလဲအတွက် ဦးတည်ရည်ရွယ်ချမှတ်ထားပါသည်ဆိုသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းများဖြစ်သည့် အာဆီယံနိုင်ငံများကလည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တရားဝင်နိုင်ငံရေးပါတီများကလည်းကောင်း တောင်းဆိုခဲ့ကြသည်။ **မှတ်သားဖွယ်ကောင်းသည်မှာ ပိတ်ဆို့မှုကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည့် နိုင်ငံရေးပါတီများမှာ လွှတ်တော်ကိုယ်စားလှယ်နေရာအများစုရရှိထားသည့် နိုင်ငံရေးပါတီကြီးနှင့်လည်းကောင်း၊ အစိုးရအဖွဲ့နှင့်လည်းကောင်း နီးစပ်ခြင်းမရှိသည့်အပြင် အစိုးရနှင့်လည်း သဘောထားချင်း အမြဲတိုက်ဆိုင်သည်ဟု မဆိုနိုင်သောပါတီများ ဖြစ်နေခြင်းပင်။ ထို့အပြင် ယင်းပါတီများတွင် တိုင်းရင်းသား လူမျိုးစုပါတီများလည်းပါဝင်နေသည်ကိုတွေ့ရသည်။**

ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ကြောင်း သဘောထားအမြင်ရှိသူများမှာ မြန်မာအစိုးရအာဏာပိုင်အဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မြန်မာ့နိုင်ငံရေးအခြေအနေကို နီးနီးကပ်ကပ်လေ့လာသိရှိရသော ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၊ တိုင်းရင်းသားလူမျိုးစုအသီးသီး၊ လူတန်းစားအလွှာအသီးသီး၊ နိုင်ငံရေးအမြင်အသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်နေကြသည်ဖြစ်ရာ ကျယ်ပြန့်သောအခြေခံ (Broad Based) ရှိသည့် အမြင်တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဦးဆောင်ချမှတ်သည့်နိုင်ငံဖြစ်သော အမေရိကန်က ပိတ်ဆို့မှုများကို ဆက်လက်ထားရှိဦးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သကဲ့သို့ ယခုအခါ ဥပဒေကြောင်းအရ တရားဝင်ရပ်တည်ခွင့်မရှိတော့ပြီဖြစ်သည့် NLD ကလည်း အထက်တွင်ဖော်ပြခဲ့သည့် စာတမ်းတစ်စောင်ကို ထုတ်ပြန်ကာ ပိတ်ဆို့မှုဘက်မှ ကာကွယ်ပြောကြားခဲ့သည်ကို တွေ့ရပြန်သည်။

ဤသို့ ပိတ်ဆို့မှုနှင့်ပတ်သက်၍ ဆက်ထားသင့်သည်၊ ဖယ်ရှားသင့်သည်ဟု ငြင်းခုံနေကြရာတွင် အများပြည်သူများအတွက် မိမိတို့ကိုယ်တိုင် ယထာဘူတကျစွာ စဉ်းစားဆင်ခြင်သုံးသပ်နိုင်ရန် သိရှိနားလည်ထားသင့်သော အချက်များကို **"ဆိုရေးရှိကဆိုအပ်လှ၏"** ဆိုသကဲ့သို့ ဤဆောင်းပါးဖြင့် ဆက်လက်တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ပိတ်ဆို့မှု၏ အခြေခံအတွေးအခေါ်သဘောတရား

ဤနေရာ၌ ပိတ်ဆို့မှုသည် ကောင်းသောလုပ်ရပ်တစ်ခု ဟုတ်သည်၊ မဟုတ်သည်ကို ဝိဝါဒကွဲ၍ ငြင်းခုံကြရန်မရှိပါ။ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ၊ စားဝတ်နေရေး၊ စီးပွားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၌ လုပ်ကိုင်ခွင့်မရအောင်၊ အခက်အခဲ အကျပ်အတည်းဖြစ်အောင် ပိတ်ဆို့တားမြစ်တားဆီးထားခြင်းသည် မကောင်းသောအပြုအမူဖြစ်သည်ကို လူမှန်းသိတတ်စ ကလေးသူငယ်အရွယ်များပင်လျှင် နားလည်ကြပါသည်။

သို့စင်လျက် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအပေါ် Economic Sanction ဟုခေါ်သည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကို ချမှတ်ကြပါသည်။ ဤနေရာ၌ စီးပွားရေးပိတ်ဆို့မှုကို စစ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့် ကဏ္ဍအသီးသီးတွင် သုံးစွဲမှုများရှိကြသော်လည်း နိုင်ငံတကာဆက်ဆံရေး သို့တည်းမဟုတ် နိုင်ငံခြားရေးကဏ္ဍ၌ သုံးစွဲမှုကိုသာ ရွေးထုတ်၍လေ့လာတင်ပြပါမည်။

စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာ (Instrument of Foreign Policy) တစ်ခုအဖြစ် အသုံးပြုလေ့ရှိကြပါသည်။ ထိုသို့အသုံးပြုခြင်းမှာလည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်အေးကာလမှစ၍ သိသိသာသာ ပိုမိုများပြားလာခဲ့ပြီး ယင်းတို့အနက် အများစုမှာ အမေရိကန်နိုင်ငံက ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ယေဘုယျအားဖြင့် စီးပွားရေးပိတ်ဆို့မှုကို အင်အားကြီးသောနိုင်ငံက အင်အားငယ်သောနိုင်ငံအပေါ် ချမှတ်ဆောင်ရွက်ပြီး ပစ်မှတ်နိုင်ငံ၏ အပြုအမူ၊ မူဝါဒတစ်ရပ်ရပ်အား ပိတ်ဆို့သူနိုင်ငံ၏ အလိုကျဖြစ်စေရန်အတွက်သော်လည်းကောင်း၊ အန္တိမရည်မှန်းချက်အနေဖြင့် ပိတ်ဆို့သူနိုင်ငံနှင့် အဆင်မပြေသော၊ ဆန့်ကျင်သော၊ အောက်ကျို့တပည့်ခံခြင်းမရှိသော ပစ်မှတ်နိုင်ငံ၏ အစိုးရပြုတ်ကျပြီး ၎င်းတို့အလိုကျ အစိုးရတစ်ရပ်နှင့် ပြောင်းလဲအစားထိုးရန် (Regime Change) အတွက်သော်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။

ထိုသို့လုပ်ဆောင်ရာ၌ နည်းလမ်းအဖြစ် အတင်းအကျပ် ဖိအားပေးမှု(Coercion)ကို အသုံးပြုသည်။ အတင်းအကျပ် ဖိအားပေးမှုဆိုသည်ကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းရှင်းပြောရလျှင် ပစ်မှတ်နိုင်ငံမှ ပြည်သူများကို ငတ်ပြတ်ဆင်းရဲအောင် အတင်းအဓမ္မလုပ်ဆောင်ပြီး ယင်းပြည်သူတို့က လက်ရှိအစိုးရအပေါ် မကျေမနပ်ဖြစ်ကာ ဆူပူအုံကြွအောင် လုပ်ဆောင်မည်။ ပစ်မှတ်အစိုးရက ယင်းဆူပူမှုဒဏ်ကို မခံနိုင်၍ ပြုတ်ကျလျှင်ပြုတ်ကျ၊ ပြုတ်မကျလျှင်လည်း ပိတ်ဆို့သူ အလိုကျ လိုက်လျောအလျှော့ပေးစေရမည်ဟူသော အခြေခံသဘောတရားဖြစ်သည်။လိုရင်းဆိုရလျှင် ပြည်သူကိုအထိနာအောင်လုပ်ပြီးမှ အစိုးရကို ထိန်းချုပ်/ဖြုတ်ချမည့် သဘောပင်တည်း။ တစ်နည်းဆိုသော် သားသမီး၏လည်မျိုကို ဓားဖြင့်ထောက်၍ မိဘကို အကျပ်ကိုင်သည့် နိုင်ငံရေးပြန်ပေးဆွဲ အနိုင်ကျင့်မှု (Political Blackmail) ပင်ဖြစ်လေသည်။ ထို့ကြောင့် ပိတ်ဆို့မှုဟူသည် ပြည်သူနာမှ ထိရောက် နိုင်သည်။

သို့သော် ဤအခြေခံသဘော ထင်ရှားလှသော်လည်း ပိတ်ဆို့သည့်နိုင်ငံများကမူ မည်သည့်အခါမျှ ထိုသဘောတရားကို လူသိရှင်ကြား ထုတ်ဖော်လေ့မရှိပေ။ ယင်းအစား မိမိတို့၏ပိတ်ဆို့မှုသည် ပစ်မှတ်နိုင်ငံမှ ပြည်သူလူထုကို မထိခိုက်ပါ။ သို့မဟုတ် ထိခိုက်မှုအလွန်နည်းပါးသည်ဟု ဆိုလေ့ရှိကြသည်။ လူသားချင်းစာနာသူတို့က ပိတ်ဆို့မှုများသည် အပြစ်မဲ့ပြည်သူများနှင့် ကလေးသူငယ်များကို ဆိုးရွားစွာ ထိခိုက်စေကြောင်း (အီရတ်စစ်ပွဲနောက်ပိုင်း၌) ခိုင်ခိုင်မာမာ လေ့လာဖော်ထုတ် သက်သေပြကန့်ကွက်လာကြသောအခါ ပိတ်ဆို့သူများက လေသံပြောင်းသွားပြီး မိမိတို့၏ ပိတ်ဆို့မှုသည် ပစ်မှတ်ရွေးချယ် ပိတ်ဆို့မှုဖြစ်ပါသည်။ မသက်ဆိုင်သူများကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုးစားထားပါသည်ဟု ဆိုကြပြန်သည်။ သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့် ပိတ်ဆို့မှု၏ အခြေခံသဘောတရားအရ မည်သည့်ပိတ်ဆို့မှုမျှ ပြည်သူမနာလျှင် မထိရောက်နိုင်ပေရာ ယင်းတို့၏ ပစ်မှတ်ရွေးချယ်ပိတ်ဆို့မှုဟူသည်မှာလည်း **"ကတ္တီပါအိတ်စွပ်ထားသော သံတုတ်"** မျိုးသာဖြစ်လေ့ရှိပြီး တစ်နည်းနည်းဖြင့် ပြည်သူကို ထိခိုက်စေသည်သာဖြစ်ကြောင်း လေ့လာသူပညာရှင်များက ကောက်ချက်ချလေ့ရှိကြသည်။ ဤအချက်များကို ဆက်၍လေ့လာသွားပါမည်။

ပိတ်ဆို့မှုက မြန်မာပြည်သူများကို မည်မျှထိခိုက်၍ ပိတ်ဆို့သူအတွက် မည်မျှထိရောက်မှုရှိသနည်း

NLD ၏ စာတမ်းပထမအပိုဒ်၌ မေးခွန်းအချို့ပါရှိရာ ယင်းမေးခွန်းများကို အုပ်စုခွဲပါက ပိတ်ဆို့မှုကြောင့် မြန်မာပြည်သူများအပေါ် ထိခိုက်မှု ရှိ၊ မရှိဟူသောအချက်နှင့် ပိတ်ဆို့မှုက ပိတ်ဆို့သူ၏ ရည်ရွယ်ချက်ကို ထိရောက်စွာ ဖြည့်စွမ်းနိုင်မှု (တစ်နည်း) ထိရောက်မှု ရှိ၊ မရှိဟူသော အချက်ဟူ၍ အုပ်စုနှစ်စုခွဲနိုင်ပါသည်။

အဆိုပါ မေးခွန်းအုပ်စုနှစ်စုနှင့် ပတ်သက်၍ ယင်းစာတမ်း၌ ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ် ထိခိုက်မှုမရှိ (သို့မဟုတ်) အနည်းအကျဉ်းရှိခဲ့သည့်တိုင်အောင် မဆိုသလောက်မျှသာ ဖြစ်သည်ဟု ကာကွယ်ပြောကြားထားပြီး ပိတ်ဆို့မှုသည် မည်မျှထိရောက်အောင်မြင်သည်ဟူသောအချက်ကို **"ဆင်ဖွေ့ရန်ရှောင်"** ပြုကာ ဖုံးဖုံးဖိဖိလုပ်ထားသည်ကို တွေ့ရပါသည်။

ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ်ထိခိုက်မှု

ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုအပေါ် စနစ်တကျလေ့လာထားသော အနောက်နိုင်ငံမှ ပညာရှင် ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်စု၏ အစီရင်ခံစာမှ ထုတ်နုတ်၍ တင်ပြလိုပါသည်။ NLD ၏ စာတမ်း၌ **"အများ၏လေးစားမှုကို ခံယူရရှိပြီးဖြစ်သော ပညာရှင်အဖွဲ့တစ်ခုက စီးပွားရေးပိတ်ဆို့မှုများ၏ အကျိုးအပြစ်များကို လေ့လာဆန်းစစ်နိုင်မည်ဆိုပါလျှင် အဆိုပါဆွေးနွေးမှုများကို များစွာအထောက်အကူပြု အကျိုးရှိစေမည် ဖြစ်ပါသည်"** ဟူ၍ ပါရှိရာ ယခုတင်ပြမည့် ပညာရှင်အုပ်စု၏ သဘောထားကို အလေးထားနိုင်လိမ့်မည်ဟု ယူဆပါသည်။

ယင်းပညာရှင်အုပ်စုမှာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ချမှတ်ရာတွင်ပါဝင်သည့် ဗြိတိန်နိုင်ငံမှဖြစ်ပြီး သာမန်အနုညာတ ပုဂ္ဂိုလ်များမဟုတ်သကဲ့သို့ ယင်းတို့၏လုပ်ငန်းတာဝန်မှာလည်း ဗြိတိသျှအစိုးရကို မူဝါဒရေးရာ အကြံပြုခြင်းဖြစ်ရာ မြန်မာအစိုးရအပေါ်၌ မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်း မရှိနိုင်သကဲ့သို့ အစီရင်ခံစာ၏ သုံးသပ်ဖော်ထုတ်ချက်များ တိကျမှန်ကန် လေးနက်မှုတန်ဖိုးအပေါ်၌လည်း အငြင်းပွားဖွယ် ရှိမည်မထင်ပါ။

ယင်းအစီရင်ခံစာ၏ ခေါင်းစဉ်မှာ **"The Impact of Economic Sanctions"** (စီးပွားရေး ပိတ်ဆို့ပြဋ္ဌာန်းမှုများ၏ ထိခိုက်သက်ရောက်မှု) ဖြစ်ပြီး အီရတ်၊ အီရန်၊ မြောက်ကိုရီးယား၊ မြန်မာ၊

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ကြောင်း သဘောထားအမြင်ရှိသူများမှာ မြန်မာအစိုးရအာဏာပိုင်အဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မြန်မာ့နိုင်ငံရေးအခြေအနေကို နီးနီးကပ်ကပ်လေ့လာသိရှိရသော ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၊ တိုင်းရင်းသားလူမျိုးစု အသီးသီး၊ လူတန်းစားအလွှာအသီးသီး၊ နိုင်ငံရေးအမြင် အသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်နေကြသည်ဖြစ်ရာ ကျယ်ပြန့်သောအခြေခံ (Broad Based) ရှိသည့် အမြင်တစ်ရပ်ဖြစ်။

ဘင်

တရားအရ မည်သည့်
ရာ ယင်းတို့၏ ပစ်မှတ်
ါအိတ်စွပ်ထားသော
် ပြည်သူကို ထိခိုက်စေ
ားက ကောက်ချက်ချ
လာသွားပါမည်။

ျူထိခိုက်၍ ပိတ်ဆို့

န်းအချို့ပါရှိရာ ယင်း
င့် မြန်မာပြည်သူများ
က်ဆို့မှုက ပိတ်ဆို့သူ၏
တစ်နည်း) ထိရောက်မှု
ပါသည်။
က်၍ ယင်းစာတမ်း၌
ရှိ(သို့မဟုတ်) အနည်း
က်မျှသာ ဖြစ်သည်ဟု
မျှထိရောက်အောင်မြင်
ျကာ ဖုံးဖုံးဖိဖိလုပ်ထား

်မှု

က်ဆို့မှုများ၏ ထိခိုက်
သော အနောက်နိုင်ငံမှ
င်ခံစာမှ ထုတ်နုတ်၍
များ၏လေးစားမှုကို
းပွားရေးပိတ်ဆို့မှုများ
ည်ဆိုပါလျှင် အဆိုပါ
အကျိုးရှိစေမည် ဖြစ်ပါ
အုပ်စု၏ သဘောထား

် ပိတ်ဆို့မှုများ ချမှတ်
အနုညာတ ပုဂ္ဂိုလ်များ
ည်း ဗြိတိသျှအစိုးရကို
အပေါ်၌ မျက်နှာလိုက်
၏ သုံးသပ်ဖော်ထုတ်
ါ်၌လည်း အငြင်းပွား

Impact of Eco-
ဌာန်းမှုများ၏ ထိခိုက်
က်ကိုရီးယား၊ မြန်မာ၊

သဘောထား
န်မာ့နိုင်ငံရေး
များ၊ မြန်မာ
လ္လာအသီးသီး၊
ပါဝင်နေကြ
တစ်ရပ်ဖြစ်။

ကျူးဘား စသောနိုင်ငံများ၌ အနောက်အုပ်စုနိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုများကို စနစ်တကျ လေ့လာသုတေသနပြုထားသော အစီရင်ခံစာဖြစ်ပါသည်။

အစီရင်ခံစာပြုစုသည့်အဖွဲ့အစည်းမှာ ဗြိတိသျှအထက်လွှတ်တော် စီးပွားရေးရာအထူးကော်မတီ (House of Lords, Slect Committee on Economic Affairs)ဖြစ်ပြီး ယင်းကော်မတီဥက္ကဋ္ဌမှာ Lord Wakeham ဖြစ်ပါသည်။ Lord Wakeham သည် ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာလက်ထက်မှစ၍ အောက်လွှတ်တော်အမတ် လူများစုခေါင်းဆောင်၊ ဘဏ္ဍာရေးဝန်ကြီးစသည့် နိုင်ငံရေးရာထူးတာဝန်များကို နှစ်ရှည်လများထမ်းဆောင်ခဲ့သူဖြစ်ကာ အထက်လွှတ်တော်၌လည်း အထက်လွှတ်တော်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးကိစ္စ၌ ခေါင်းဆောင်အဖြစ် ယုံကြည်စွာ တာဝန်ပေးခံခဲ့ရသူဖြစ်ရာ အများလေးစားခံရမှု၌ ဆိုဖွယ်ရာမရှိသူ ဖြစ်ပါသည်။ ယင်းကော်မတီ၌ လူလေးစားခြင်းခံရသည့် အထက်လွှတ်တော် အမတ်(၁၆)ဦး ပါဝင်ခဲ့ပြီး ကျွမ်းကျင်သူပညာရှင်ဖြစ်သည့် အရစ္စတိုးလ်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာအီရစ်ဟာရင်း (Dr. Eric Herring) ကလည်း အထူးအကြံပေးပညာရှင်အဖြစ် ထောက်ကူထားသည့်အတွက် ပညာရပ်ပိုင်းဆိုင်ရာ၌လည်း လစ်ဟာမှုမရှိဟု ဆိုနိုင်ပါသည်။

ယင်းကော်မတီသည် လူပုဂ္ဂိုလ်သက်သေအဖြစ် တက္ကသိုလ်ကြီးများမှပါမောက္ခများ၊ ထင်ရှားသော နိုင်ငံတကာသုတေသီများ၊ အငြိမ်းစားသံတမန်များ၊ ကုလသမဂ္ဂအရာထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ လွှတ်တော်အမတ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရမဟုတ်သော ပရဟိတအဖွဲ့အစည်းများမှတာဝန်ရှိသူများ စုစုပေါင်းသုံးဆယ်နီးပါးခန့်နှင့် စာရွက်စာတမ်းများ၊ အီးမေးလ်၊ တယ်လီဖုန်း စသည်ဖြင့် မေးမြန်းမှုများ ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ပြီးမှ ပြုစုရေးသားခြင်းဖြစ်၍ အကြောင်းအရာ ခိုင်လုံမှု၌လည်း အားကိုးအားထားပြုနိုင်ပါသည်။

ယင်းကော်မတီ၏ ၂၀၀၇ခုနှစ် မေလ(၉)ရက်နေ့တွင် ထုတ်ဝေသည့် အစီရင်ခံစာမှ အကျဉ်းချုပ်ကောက်ချက် (Abstract)၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြချက်အချို့ကို အောက်၌ဖော်ပြလိုက်ပါသည်။

"In the case of Burma, Sanctions are said to be targeted but are nevertheless wide enough in their impact to hurt the general population."

အထက်ပါစာကြောင်းအား အလွတ်သဘော ဘာသာပြန်ဆိုဖော်ပြရမည်ဆိုပါက **"မြန်မာနိုင်ငံကိစ္စတွင် ပိတ်ဆို့ပြဋ္ဌာန်းမှုများသည် ပစ်မှတ်ရွေးချယ်ပြီးမှ ဆောင်ရွက်ခဲ့သည်ဟု ဆိုသော်ငြားလည်း လူထုတစ်ရပ်လုံးကို ထိခိုက်ခံစားရစေနိုင်လောက်အောင် ယင်းပိတ်ဆို့မှုများက ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုရှိခဲ့သည်"** ဟုဖြစ်၏။ အသေးစိတ် တွေ့ရှိဖော်ထုတ်ချက်များကို သိရှိလိုပါက အင်တာနက်ပေါ်တွင် ဤအစီရင်ခံစာကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကိုပိတ်ဆို့ထားမှုများသည် မြန်မာပြည်သူလူထုအပေါ် အမှန်တကယ်ထိခိုက်သက်ရောက်စေခဲ့ကြောင်း သက်သေရှာမည်ဆိုလျှင် ခပ်ဝေးဝေး၌ ထပ်မံ၍ရှာစရာမလိုပါ။ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် အနောက်နိုင်ငံများမှ နိုင်ငံခြားရေးဌာနတာဝန်ရှိသူများကိုယ်တိုင် ဝန်ခံထားပြီးဖြစ်ပါ၏။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံက Burmese Freedom and Democracy Act ဖြင့် မြန်မာနိုင်ငံမှ သွင်းကုန်များကိုပိတ်ဆို့ခဲ့မှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံအများအပြားပိတ်လိုက်ရကာ အထည်ချုပ် အလုပ်သမအမျိုးသမီးငယ်များ သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ငွေကြေးလွှဲပြောင်းမှု ပိတ်ပင်ခဲ့မှုကြောင့်လည်း ငွေကြေးလွှဲပြောင်းပေးပို့မှုများ ထိခိုက်ခဲ့ရသည်။ ယင်းထိခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုအကြီးအကဲ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Matthew P.Daley က ၂၀၀၃ ခုနှစ် အောက်တိုဘာလ(၂)ရက်နေ့တွင် ကြားနာထွက်ဆိုရာ၌ **"ဤပိတ်ဆို့အရေးယူမှုသည် မြန်မာနိုင်ငံ စီးပွားရေးကို ချက်ချင်းပင် ထိခိုက်ရှုပ်ထွေးသွားစေခဲ့ကြောင်း၊ အထူးသဖြင့် အမေရိကန်သို့ ပို့ကုန်များအပေါ် အမှီပြုနေရသော စက်မှုလုပ်ငန်းများကို ထိခိုက်စေခဲ့ကြောင်း၊ အထည်အလိပ်လုပ်ငန်းမှာ အဆိုးရွားဆုံး ထိခိုက်နစ်နာမှုဖြစ်စေခဲ့ကြောင်း၊ ဘဏ္ဍာရေးငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ပိတ်ပင်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်ငံခြား**

စီးပွားရေးပိတ်ဆို့မှုကို အင်အားကြီးသော နိုင်ငံက အင်အားငယ်သော နိုင်ငံအပေါ် ချမှတ်ဆောင်ရွက်ပြီး ပစ်မှတ်နိုင်ငံ၏ အပြုအမူ မူဝါဒတစ်ရပ်ရပ်အား ပိတ်ဆို့သူ နိုင်ငံ၏အလိုကျ ဖြစ်စေရန်အတွက် သော်လည်းကောင်း၊ အန္တိမရည်မှန်းချက် အနေဖြင့် ပိတ်ဆို့သူနိုင်ငံနှင့် အဆင်မပြေ သော၊ ဆန့်ကျင်သော၊ အောက်ကျို့ တပည့်ခံခြင်းမရှိသော ပစ်မှတ်နိုင်ငံ၏ အစိုးရပြုတ်ကျပြီး ၎င်းတို့အလိုကျ အစိုးရ တစ်ရပ်နှင့် ပြောင်းလဲအစားထိုးရန် (Regime Change) အတွက်သော် လည်းကောင်း ပြုလုပ်လေ့ရှိ။

သံရုံးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုလုပ်ရန်နှင့် ငွေပို့ ငွေလွှဲလုပ်ရန်အတွက် အမေရိကန်ငွေကြေးစနစ်ကို မှီခိုနေရသည့် အခြားလုပ်ငန်းများအားလုံးမှာ ရုတ်ချည်းပင် အကျပ်အတည်းဖြစ်ခဲ့ကြောင်း၊ အကြွေးဝယ်ကတ်နှင့် အမေရိကန်ဒေါ်လာ ခရီးသွားချက်လက်မှတ်များ သုံး၍မရတော့သည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၌လည်း ထိခိုက်မှုရှိခဲ့ကြောင်း" ဝန်ခံပြောကြားခဲ့သည်။

Mr. Daley က ဆက်လက်၍ ပြောကြားထွက်ဆိုခဲ့ရာတွင် **"ပိတ်ဆို့မှုသည် ကံဆိုးလှစွာပင် သာမန်ပြည်သူလူထုကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ယခုဒုက္ခရောက်နေသော ပို့ကုန်လုပ်ငန်းများ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများ ဖျက်သိမ်းရမှုကြောင့် အလုပ်လက်မဲ့များ သိသိသာသာ တိုးပွားလာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ကိုကျော်၍ ထိုင်းနှင့် တရုတ်နိုင်ငံတို့တွင် လည်းကောင်း တရားမဝင် ဥပဒေမဲ့ အလုပ်များကို ရှာဖွေရသူ အရေအတွက် ရုတ်ချည်းတိုးမြင့်သွားနိုင်ကြောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော ပရဟိတအဖွဲ့များ၏ စိုးရိမ်စွာပြောကြားမှုကို မှတ်သားမိပါကြောင်း၊ ပိတ်ဆို့မှုများစတင်သည့် ပထမလမှာပင် အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင်ပေါင်း လေးသောင်းကျော် ဆုံးရှုံးသွားခဲ့ရသည်ဟု မိမိတို့ ခန့်မှန်းမိပါကြောင်း၊ ရေရှည်တွင် အထည်ချုပ်လုပ်ငန်းမှ စုစုပေါင်း အလုပ်အကိုင်တစ်သိန်းခန့် ဆုံးရှုံးဖွယ်ရှိပြီး ယင်းအလုပ်တွင် လုပ်ကိုင်နေခဲ့သူအများစုမှာ အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ဤအမျိုးသမီးများ၏ ကံကြမ္မာနှင့်ပတ်သက်၍ အချို့သော ပရဟိတအဖွဲ့များ၏ စိုးရိမ်ပူပန်မှုများမှာ အမှန်ခိုင်မာမှုရှိကြောင်း ယုံကြည်ရသည့် အစီရင်ခံစာများကို ကျွန်ုပ်တို့ရရှိခဲ့ပြီး ယင်းအမျိုးသမီးများအနက်မှ အချို့မှာ ငွေရလွယ်သော လိင်မှုနှင့် ဖျော်ဖြေရေးလုပ်ငန်းများသို့ ရောက်ရှိသွားခဲ့ကြောင်း"** ဝန်ခံခဲ့ပါသည်။

(ဤကိစ္စနှင့်ပတ်သက်၍ NLD ၏ စာတမ်း၌ မလွဲသာ၍ ဝန်ခံခဲ့သော်လည်း ယခုအခါ ဘာမျှ အရေးမကြီးတော့လေဟန်ဖြင့် ခပ်ဖော့ဖော့ရေးသားထည့်သွင်းခဲ့ကြောင်း တွေ့ရပါ၏။ ယင်းအချက်များကို နောက်ပိုင်းတွင် ထပ်မံစိစစ် လေ့လာတင်ပြသွားပါမည်။)

သို့ဖြစ်ရာ ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံ ထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှပညာရှင်များ၊ လူအများလေးစားလောက်သည့်ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင် ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။ ။

(ဆက်လက်ဖော်ပြပါမည်။)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဒုက္ခသစ္စာအနက်ဤလေးချက်" တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၁)**
၈း၄၀	မွန်မြတ်သောအလှူကုသိုလ်ယူ တော်ဝင်အောင်၏အလှူ
၈း၅၀	Activities In The City (Wash and care line Rental and commercial laundry service ဖွင့်ပွဲ)
၉း၁၀	အမက(၃)ဗဟန်း(မူလွန်) ကျောင်း၏အာစရိယပူဇော်ပွဲ
၉း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများဖြူဖွေးသန့်စင်အောင် ကုသနည်း)
၉း၄၅	Activities In The City တိ-မွေး-ကုတက္ကသိုလ် (ရန်ကုန်-ရေဆင်း)ကျောင်းသား/သူ ဟောင်းများ၏မြတ်ဆရာပူဇော်ပွဲ
၁၀း၀၅	ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၁၀း၂၀	The Champion of Dance
၁၁း၀၅	Celebrity Choice (မေစံပယ်ညို)
၁၁း၃၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ရင်ခုန်သံစည်းချက်များနဲ့ ပန်းမြို့တော်မှဂီတပွဲတော်)(Day-2)
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	စာအုပ်ပြခန်း (Marketing အမှားတွေပြင်ကြစို့)
၁၂း၄၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ကျိုက်ထိုမဟာစည်ကျောင်းအလှူ
၁း၀၀	"ဒုက္ခသစ္စာအနက်ဤလေးချက်" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	တိကျတဲ့ အချိန်တိုင်းအတွက်
၃း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၁)**
၄း၄၅	မဟာမွေ့ရုံသိဒ်ိမ်တော်ရာ စေတီ၏ဗြိမ့်ဗြိမ့်သဲဆင်နွှဲ ဗုဒ္ဓပူဇနိယပူဇော်ပွဲ
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၅)**
၇း၂၀	Emperor Love Concert (Part-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (မနာလိုဖြစ်တာကောင်းတယ်၊ မနာလိုမဖြစ်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၂)**
၁၀း၁၀	Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀း၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မိန်းမယူမယ်ဆိုရင် စဉ်းစားဖို့လိုမယ်"
၁၁း၀၅	အနုပညာမိုးကောင်းကင်
၁၁း၂၅	မြန်မာ့ "အိုး"
၁၁း၃၅	International Show Biz
၁၁း၅၀	ဝိရောဓိ CONTRA
၁၁း၅၅	ဈေးဝယ်လမ်းညွှန် (ဖူးပွင့်ဝေ Fashion Shop)
၁၂း၁၅	ဆေးဖက်ဝင် ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၁၂း၂၅	သံစဉ်များကိုထုဆစ် အလှဆင်သူများ (Pro Stuido)
၁၂း၅၀	ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁း၁၅	ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Centre
၁း၃၀	မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
၂း၁၅	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၂း၃၅	ပတ္တမြားမြေမှလေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၂း၅၀	ပြင်ဦးလွင်သို့ အလည်တစ်ခေါက်
၃း၀၅	ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၄း၀၅	ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၄း၁၅	ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၄း၄၀	ခရီးတစ်ထောက်နားခိုစရာ
၄း၄၅	ထင်ရှားတည်ရှိ မြင်းမထိ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Fulham - Chelsea	ESPN (Live)

အောက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၄ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကျင်းပပြီး ပန်းချီပညာဌာနအသင်း၊ ပန်းပုပညာဌာနအသင်း၊ ဂီတပညာဌာနအသင်း၊ သဘင်ပညာဌာနအသင်း၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနအသင်းနှင့် ဌာနပေါင်းစုံ အသင်းခြောက်သင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် တတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုကို ညွန့်ပေါင်းအသင်းကလည်းကောင်း၊ ဒုတိယဆုကို ဂီတပညာဌာနအသင်းကလည်းကောင်း၊ ပထမဆုကို ရုပ်ရှင်နှင့်ပြဇာတ် ပညာဌာနအသင်းက လည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုကို မောင်အောင်မင်းသူ (တတိယနှစ်ဂီတပညာဌာန)က လည်းကောင်း ရရှိကြသည်။

ဆုများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင် ဘောလုံးပြိုင်ပွဲ ပထမဆုရ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

Hospitality Operation & Service Course အတန်းသစ် ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ Hospitality Operation & Service Course သင်တန်းအပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ တတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း Hotel Operations၊ ဧည့်ဝတ်ကျေပွန်မှု အတတ်ပညာ Customer Services၊ အစားအသောက်တည်ခင်းဝန်ဆောင်မှုအတတ်ပညာ F&B Service နှင့် ဟိုတယ်တွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ Housekeeping Operation စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH&LA(USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

နိုင်ငံတကာဟိုတယ်ကြီးများ၌ အလုပ်အကိုင် ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ Pre interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel , Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဖေဖော်ဝါရီ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၁၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ ဖတ်ကြားစဉ်။ (၀၉၂)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၃) အမှတ် (၇)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်ထောင်စုနေ့ ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှေ့တောင်အာရှအဆင့်မီ နေပြည်တော်ရှိ ဆာဖာရီဥယျာဉ်ဖွင့်လှစ်၊ အရှေ့အာရှစီးပွားရေးမြှင့်တင်မှု မဟာဗျူဟာစီမံကိန်းအရ မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရှေ့အာရှနိုင်ငံများလိုလား၊ မြန်မာ-အိန္ဒိယနယ်စပ်၌ လျှပ်ဒဏ်ကာကွယ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် အာဆီယံကူညီမည်၊ ပြည်တွင်းပုဂ္ဂလိက ဘဏ်အချို့ ATM ငွေထုတ်စနစ် စတင်အသုံးပြုနိုင်ရန် ကြိုတင်စီစဉ်၊ အာဆီယံဒေသတွင်း ပညာရေးမြှင့်တင်မှုစီမံကိန်းတွင် မြန်မာပါဝင်၊ ဆိုမာလီဓားပြနှင့် မြန်မာသင်္ဘောသား ၁၁ ဦးတို့၏ ဖြစ်ရပ်မှန် သေကံမရောက်သက်မပျောက် ဇာတ်လမ်း၊ သယံဇာတကျွန်းမီးလောင်ပြင်မှ ကြေကွဲဖွယ်ဖြစ်ရပ် စသည့် မျက်နှာဖုံးသတင်းများ၊ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှသတင်းများ၊ မှုခင်းသတင်းများ၊ ပြည်တွင်းပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။။

ထို့ပြင် စက်သုံးဆီဆိုင်များ စက်သုံးဆီသုံးလုပ်ငန်းများသို့ပါ ရောင်းချရမည်၊ မြန်မာနိုင်ငံတွင် စျေးကွက်ချဲ့ထွင်ရန် ဗီယက်နမ် အထည်ချုပ်ကုမ္ပဏီတစ်ခုစီစဉ်၊ စွမ်းအင်ခက်ခဲသည့်ဒေသများ၌ ဆိုလာပါဝါစနစ် အကောင်အထည်ဖော်မည်၊ ငါးသိန်းတန် GSM ဖုန်းများ ပြည်ပတွင်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်၊ အာဆီယံ စံညွှန်းနှင့်အညီ ကုန်တင်ဆောင်ရ၍ ကုန်တင်လမ်းကြောင်းအချို့ပြောင်းလဲ၊ အမျိုးသမီးတိုင်းအတွက် အန္တရာယ်ရှိသော ကြက်တောင်ပံများ၊ မြင့်မားလာသော ကုန်စည်ပို့ဆောင်ခနှုန်းထားများ၊ ၂၀၁၁ ခုနှစ် ကိုရီးယားပညာသင်ဆု အစီအစဉ် ဘွဲ့လွန်ကျောင်းသားများ လျှောက်ထားနိုင် စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံလွှာများနှင့် ပုဂံညောင်ဦးနှင့် ပုပ္ပားနယ်မြေ ခရီးသွားအတွေ့အကြုံ စသည့် ဗဟုသုတရဖွယ်ဆောင်းပါးများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မြို့နယ်အသီးသီးတွင် ကျင်းပ

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဒက္ခိဏသီရိမြို့နယ်ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး ဖတ်ကြားစဉ်။ (သတင်းစဉ်)



(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရီမွန် ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို သထုံခရိုင်ဥက္ကဋ္ဌ ဦးစိုးနိုင် ဖတ်ကြားစဉ်။

(သတင်းစဉ်)

သဝဏ်လွှာ ဖတ်ကြား

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးစောညီညီထွေး ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

သဝဏ်လွှာ ဖတ်ကြား

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်ပန်းခြံရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန် ဖတ်ကြားစဉ်။ (၃၄၂)

(14-2)10.pmd 1 2/14/2011, 2:17 AM

နိုင်ငံတကာ အားကစားသတင်းများ

ချဲလ်ဆီးအတွက် အဘရာမိုဗစ်ချ်၏ အစီအမံများ

ဇင်ထူး

ပရီမီယာလိဂ်ရဲ့ လက်ရှိချန်ပီယံလို့ အမည်ခံထားရပေမယ့် လောလောဆယ် တန်းစီဇယားရဲ့ ထိပ်ဆုံးလေးသင်း အောက်ရောက်နေရတဲ့ ချဲလ်ဆီးအသင်းအဖို့ ဒီပုံစံနဲ့သာ ဆက်သွားရင် ရာသီကုန်မှာ ချန်ပီယံဘွဲ့ကို လက်လွှတ်လိုက်ရဖွယ်ရာရှိတဲ့အပြင် ချန်ပီယံလိဂ်ပွဲဝင်နိုင်ဖို့တောင် သေချာပါ့မလားလို့ မေးခွန်းထုတ်စရာ ဖြစ်နေပါပြီ။

ဒီလိုအခြေအနေကို ကုစားနိုင်ဖို့အတွက် ချဲလ်ဆီးအသင်းပိုင်ရှင် ရေနံသူကြွယ် အဘရာမိုဗစ်ချ်ဟာ သူ့ရဲ့အသင်းကို ငွေကုန်ချင်သလောက် ကုန်ပါစေ အမြစ်ကတူးပြီး ပြန်လည်တည်ဆောက်ဖို့ပြင်ဆင်နေတဲ့ သတင်းတွေကို သူတို့ဆီက မီဒီယာတွေမှာ ဖော်ပြကြတာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ကစားသမားနှစ်ယောက်ဖြစ်တဲ့ ဖာနန်ဒိုတောရက်စ်နဲ့ ဒေးဗစ်လူးဝစ်ဇ်တို့ကို နှစ်ယောက်ပေါင်း ပေါင် ၇၅သန်း အကုန်အကျခံ ခေါ်ယူပြီးတဲ့နောက် လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလမှာ ဘရာဇီး ဘောလုံးကြယ်ပွင့် ကာကာကို ပေါင် ၂၅သန်း အကုန်အကျခံခေါ်ယူဖို့ အတွက် ချ စီမံနေပြီလို့ဆိုပါတယ်။

ရီးယဲလ်မက်ဒရစ် (Real Madrid)ရဲ့ ကွင်းလယ်ဖန်တီးရှင်ဖြစ်တဲ့ ကာကာ(၂၈)နှစ်နဲ့ ချဲလ်ဆီးမန်နေဂျာ အန်ဆယ်လော့တီတို့ဟာ အီတလီစီးရီးအေက အေစီမီလန်မှာအတူတကွလက်တွဲခဲ့ကြဖူးသူတွေပါ။ ၂၀၀၃ ခုနှစ်မှာ အန်ဆယ်လော့တီဟာ သူသိပ်သဘောကျတဲ့ ဘရာဇီး

သားလေး ကို ဆော်ပေါ်လိုကနေ မီလန် အရောက် ပေါင် ၇ ဒသမ ၂ သန်းပေးပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။

လောလောဆယ် ဟိုဆေးမော်ရင်ညိုထိန်းကျောင်းနေတဲ့ စိန့်ဘာနေဗျူးမှာ ကာလရှည် ဒူးဒဏ်ရာနဲ့ ရင်ဆိုင်နေရတဲ့ ကာကာကို ပေါင် ၂၅သန်းနဲ့ အမိဖမ်းနိုင်လိမ့်မယ်လို့ ချဲလ်ဆီးကယုံကြည်နေတဲ့အကြောင်း သတင်းတစ်ပုဒ်က ဆိုပါတယ်။ အင်္ဂလန်ကလာတဲ့ နောက်သတင်းတစ်ပုဒ်မှာတော့ တန်းစီဇယား ထိပ်ဆုံးအသင်းကြီး လေးသင်း အောက်ရောက်နေရတဲ့ ချဲလ်ဆီးရဲ့ အဖြစ်ကိုအမြစ်ကလှန်ပြီး ပြင်ဆင်တည်ဆောက်နိုင်ဖို့အတွက်အသင်းပိုင်ရှင် အဘရာမိုဗစ်ချ်ရဲ့ အစီအမံတွေထဲမှာ ဟော်လန်ကဘောလုံးအကျော်ဇေယျတစ်ဦး ဖြစ်တဲ့ မာကိုဗန်ဘက်စတန်နဲ့ အာဆင်နယ်ရဲ့ကင်းထောက်ချုပ် စတိဗ်ရိုလေး တို့ကို ခေါ်ယူသွားဖို့လည်း ပါတယ်လို့ဖော်ပြထားပါတယ်။

လက်ရှိ ချဲလ်ဆီးရဲ့ရလဒ်တွေအရ ရာသီကုန်မှာ အသေအချာရှိနေဦးမယ်လို့ မပြောနိုင်တဲ့ မန်နေဂျာ အန်ဆယ်လော့တီရဲ့ နေရာမှာ အစားထိုးဖို့ မာကိုဗန်ဘက်စ်တန်ကို ချဲလ်ဆီးက မျက်စိကျနေခဲ့တာပါ။ ဗန်ဘက်စတန်ဟာ ဟော်လန်ရဲ့ အကျော်အမော် တိုက်စစ်မှူးဟောင်း တစ်ယောက်ဖြစ်ပြီး ၂၀၀၆ကမ္ဘာ့ဖလားနဲ့ ၂၀၀၈ ယူရိုအတွက် ဟော်လန်နည်းပြလည်း လုပ်ခဲ့ဖူးသူဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ ဘောလုံးသွေးသစ်ရှာဖွေရေး ကင်းထောက်ချုပ် စတိဗ်ရိုးလေးဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း အင်္ဂလန်မှာ ရှာမှရှားဆိုတဲ့ပုဂ္ဂိုလ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ကင်းထောက်ကွန်ရက်ကနေ တစ်ဆင့်လူငယ်ကစားသမားတစ်လှေကြီးကို အာဆင်နယ်ရဲ့ ဂုရုကြီး အာဆင်ဝင်းဂါးရဲ့ အရိပ်အောက်ကို အရောက်ပို့ပြီး အာဆင်နယ်ရဲ့ အမြောက်လက်ရုံးများ အဖြစ် အောင်အောင်မြင်မြင် အသွင်ပြောင်းပေးနိုင်ခဲ့သူပါ။

အလက်ဇန်းဒါးဆောင်းဆက်ဂ်ညာ၊ ကလစ်ချီတို့လို ဘောလုံးချာတိတ်တွေကို အဖိုးနည်းနည်း ဈေးချိုချိုနဲ့ ပေါချောင်ကောင်းရအောင် ရှာရှာဖွေဖွေ ဆွဲဝယ်နိုင်ခဲ့တဲ့မှတ်တမ်းများကြောင့်အဘရာမိုဗစ်ချ်က မျက်စိကျခဲ့ခြင်းဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျာ။ ။

ဟာဘရီဂက်စ်အား ပေါင် ၅၄သန်းပေး၍ ရီးယဲလ်ကမ်းလှမ်းမည်

မက်ဒရစ် ဖေဖော်ဝါရီ ၁၃

ဟန်သစ်

စပိန်လာဂီဂါအသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်အား ပေါင် ၅၄ သန်းပေး၍ ကမ်းလှမ်းတော့မည်ဟုသိရသည်။

အသက်(၂၃)နှစ်ရှိ ဖာဘရီဂက်စ်အား မကြာမီရက်ပိုင်းအတွင်းကလည်း ၎င်း၏အသင်းဟောင်း ဘာစီလိုနာက ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူတော့မည်ဟု သတင်းများထွက်ပေါ်ခဲ့သေးသည်။ မော်ရင်ဟိုကိုင်တွယ်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ဖာဘရီဂက်စ်အားခေါ်ယူနိုင်ရေးအတွက် အသင်းရှိ တိုက်စစ်မှူးဖြစ်သည့် ဘန်ဇီမာ သို့မဟုတ် အသက်(၁၉)နှစ်ရှိ ကွင်းလယ်ကစားသမား ကာနာလက်စ်ကို အလိုက်ပေး၍ ခေါ်ယူဖွယ်ရှိနေသည်။

ဖာဘရီဂက်စ်က အာဆင်နယ်ပရိသတ်များနှင့် နည်းပြအာစင်ဝင်းဂါး အတွက် ပေးဆပ်စရာများ ရှိနေသေးကြောင်း၊ အာဆင်နယ်အသင်းနှင့် အတူ အောင်မြင်မှုများရယူပေးလိုကြောင်း ပြောကြားထားသော်လည်း အာဆင်နယ်အသင်းမက်လောက်သည့် ပြောင်းရွှေ့ကြေးပေးမည်ဆိုပါက အာစင်ဝင်းဂါးအနေဖြင့် ဖာဘရီဂက်စ်ကို လက်လွှတ်ဖွယ်ရာရှိနေသည်။ သို့သော် ဖာဘရီဂက်စ်အနေဖြင့် စပိန်မြေသို့ပြန်မည်ဆိုပါက ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာ မည်သည့်အသင်းကို ရွေးချယ်မည်ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်တာနက်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မိုဘီဒစ်ကပ္ပတိန်၏ ဝေလငါးဖမ်းသင်္ဘောပျက် သုတေသီများတွေ့ရှိ

ဟိုနိုလူလူ ဖေဖော်ဝါရီ ၁၃

၁၉ ရာစု စာရေးဆရာ ဟားမန်းမဲလ်ဗေးလ်ရေးသားခဲ့သော ဂန္ထဝင်လက်ရာ 'မိုဘီဒစ်'ဝတ္ထု၏ ဇာတ်လမ်း ကျောရိုးဖြစ်သည့် ကပ္ပတိန်ဂျော့ဂ်ျပေါလာ့ဒ်၏ ဝေလငါးဖမ်းသင်္ဘောပျက်ကို အမေရိကန် အဏ္ဏဝါရှေးဟောင်း သုတေသီများက တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်သတင်းများတွင် ဖော်ပြသည်။

'ညီနောင်နှစ်ဦး' ဟု အမည်ပေးထားသော အဆိုပါဝေလငါးဖမ်းသင်္ဘောသည် ၁၈၂၃ ခုနှစ်က သန္တာကျောက်တန်းတစ်ခုနှင့် တိုက်မိ၍ နစ်မြုပ်ခဲ့ရသည်။

ယင်းသင်္ဘော၏ အကြွင်းအကျန်များကို ဟိုနိုလူလူကျွန်းအနောက်မြောက်ဘက် မိုင် ၆၀၀ ခန့်အကွာ ရေပြင်၌ အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာစီမံခန့်ခွဲရေးမှ သုတေသနပညာရှင်များက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကပ္ပတိန်ဂျော့ဂ်ျပေါလာ့ဒ်သည် ညီနောင်နှစ်ဦး သင်္ဘောမတိုင်မီ အက်ဆက် အမည်ရှိသင်္ဘောဖြင့် ဝေလငါး တစ်ကောင်ကို ဖမ်းဆီးစဉ် ယင်းဝေလငါး၏ တွန်းထိုးရုန်းကန်မှုကြောင့် သင်္ဘောနစ်မြုပ်ခဲ့ရာ သင်္ဘောသား တစ်ဦးနှင့်အတူ အစာမရှိ၊ ရေမရှိဘဲ သုံးလကြာမျှ ပင်လယ်ထဲမျောပါခဲ့ဖူးသည်။

'ညီနောင်နှစ်ဦး' သင်္ဘောသည် ရေအောက်၌ အစိတ်စိတ်အမွှာမွှာ ဖြစ်နေသော်လည်း ဝေလငါးဖမ်း ကိရိယာများနှင့် ဝေလငါးဆီချက်သည့် ဇရာမအိုးကြီးများကို သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။

အင်တာနက်။

အမေရိကန် အဏ္ဏဝါရှေးဟောင်း သုတေသီများက တွေ့ရှိခဲ့သည့် ညီနောင်နှစ်ဦး သင်္ဘောပျက်မှ အကြွင်း အကျန်များ။

ပိတ်ဆို့မှုသည် ကောင်းသောလုပ်ရပ်တစ်ခု ဟုတ်သည်၊ မဟုတ်သည်ကို ဝိဝါဒကွဲ၍ ငြင်းခုံကြရန်မရှိပါ။ လူတစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ လူအများကိုဖြစ်စေ၊ စားဝတ်နေရေး၊ စီးပွားရေး အသက်မွေးဝမ်းကျောင်း ဆိုင်ရာလုပ်ငန်းများ၌ လုပ်ကိုင်ခွင့်မရအောင်၊ အခက်အခဲ အကျပ်အတည်း ဖြစ်အောင် ပိတ်ဆို့တားမြစ် တားဆီးထားခြင်းသည် မကောင်းသောအပြုအမူ ဖြစ်သည်ကို လူမှန်းသိတတ်စ ကလေးသူငယ် အရွယ်များပင်လျှင် နားလည်ကြ။

ရန်ကြီးအောင်၏ "ပိတ်ဆို့မှု ရှင်းတမ်း" (ဆောင်းပါး) စာမျက်နှာ - ၈၊ ၉

ထူးခြားသည့် ညအပူချိန်များ

(၁၃ - ၂ - ၂၀၁၁)

ဟားခါး	သုည	ဒီဂရီစင်တီဂရိတ်
လားရှိုး	၄	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်